မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်အားသွားရောက်တွေ့ဆုံနှုတ်ဆက်

ဘုရင်မင်းမြတ်တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန်ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာအား ဇန်နဝါရီ ၁၆ရက် ည ၈နာရီခွဲတွင် ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ Istana Nurul Iman နန်းတော်သို့ သွားရောက်တွေ့ဆုံသည်။

ပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန်ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာတို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဂုဏ်ပြုညစာစားပွဲ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်မင်းမြတ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို ည ၈နာရီ ၄၅မိနစ်တွင် Istana Nurul Iman နန်းတော်ရှိ Green Room ၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန်ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာအား ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ Istana Nurul Iman နန်းတော်၌ သွားရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန်ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာအား ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ Istana Nurul Iman နန်းတော်၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကယ်လ်ဆီယမ် ပိုမိုပါဝင်သော မုန်လာဥနီ သိပ္ပံပညာရှင်များ ဗီဇပြုပြင်စိုက်ပျိုး

အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များသည် ကယ်လ်ဆီယမ် ပိုမိုပါဝင်သော မျိုးဗီဇပြုပြင်ထားသည့် မုန်လာဥနီမျိုးတစ်မျိုးကို စိုက်ပျိုးထုတ်လုပ်နိုင်ပြီ ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကာကွယ်နိုင်

အဆိုပါ မုန်လာဥနီကို စားသုံးခြင်းကြောင့် အရိုးကြွပ်ဆတ်မှုရောဂါနှင့် အရိုးပွရောဂါကို ကာကွယ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

ယင်းမုန်လာဥနီကို စားသုံးခြင်းသည် သာမန်မုန်လာဥနီကို စားသုံးခြင်းထက် ကယ်လ်ဆီယမ်ဓာတ် ၄၁ရာခိုင်နှုန်း ပို၍ရရှိနိုင်ကြောင်း တက္ကဆက်ပြည်နယ် ဘေယာဆေးကောလိပ်မှ သုတေသနအဖွဲ့တွင် ပါဝင်သော ပါမောက္ခ ကင်ဒယ်ဟာချီက ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်)

သဘာဝအရင်းအမြစ်များ ထိမိစွာအသုံးချ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မား

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရေး၊ စိုက်ပျိုးရေရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတစ်ဝန်း ဖော်ဆောင်ဖြည့်ဆည်းပေးလျက် ရှိသည်။

မွန်ပြည်နယ် သထုံမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသည့် ဆိပ်ကျွန်းကျေးရွာအနီးရှိ ဆိပ်ကျွန်း ရေထိန်းတံခါးကို ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ရေထိန်းတံခါးကို ဖွင့်လှစ်နိုင်သည့်အတွက် သထုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ရေချိုကို ရရှိခြင်းကြောင့် လယ်မြေဧက ၁၀၀၀၀ ကို အကျိုးပြုနေပြီဖြစ်သည်။ ယခုအခါ မိုးစပါး၊ နွေစပါး အပြင် နေကြာ၊ ပဲ၊ နှမ်းများကိုလည်း သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ပြီဖြစ်သည်။

နိုင်ငံတော်က ဆိပ်ကျွန်းရေထိန်းတံခါး အပါအဝင် ဆည်တမံ၂၀၆ခုကို တည်ဆောက်ပေးထားရာ တစ်နိုင်ငံလုံး၌ သီးနှံစိုက်ပျိုးမှုနှစ်ဆခန့် တိုးတက်လာခဲ့ပြီ ဖြစ်သည်။ ဆည်ရေသောက်သီးနှံစိုက်ဧက တိုးတက်လာမှုနှင့်အတူ သီးနှံစိုက်စွမ်းအားပါ မြင့်မားလာခဲ့သည်။

မွန်ပြည်နယ်သည် ရေ၊ မြေ ရာသီဥတု ကောင်းမွန်သောဒေသဖြစ်ရာ ဖြစ်တည်နေသည့် သဘာဝ မြေသယံဇာတများကို အပြည့်အဝအသုံးပြု စိုက်ပျိုးထုတ်လုပ်ကြရမည် ဖြစ်သည်။

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက်ရှိရာ တောင်သူဦးကြီးများအနေဖြင့် သဘာဝအရင်းအမြစ်များကို ထိထိမိမိ အသုံးချနိုင်သည်နှင့်အမျှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအဖွဲ့ချုပ်၌ ဇန်နဝါရီ ၂၆ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် ကမ္မဋ္ဌာနာစရိယများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၁၉–၁–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၅ ၄။ ကျန်းမာသုတ
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တစ်ဦးတည်းသောသား** (ပထမပိုင်း) လူမင်း၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ–မောင်တင်ဦး)
- ၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း–၂၈)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူရွှင်တော်ရွှေဖလား
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နီလာလက်ကောက်** (အပိုင်း–၃၀)

သနပ်ပင် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

ပဲခူးတိုင်း သနပ်ပင် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆက်တွေ့ဆုံပွဲကို ဇန်နဝါရီ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သနပ်ပင် အထကကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၊ အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးဖုန်းမြင့်နိုင် ဖုန်း–၀၁–၅၄၁၈၁၀၊ ဦးဝင်းကြည် ဖုန်း ၀၁–၆၀၀၉၈၈၊ ဦးကျော်ညွန့် ဖုန်း–၀၅၂–၄၆၁၇၁၊ ဦးကျော်စိုးမင်း ဖုန်း–၀၅၂–၄၆၀၂၆၊ ဦးရဲဝင်းနိုင် ဖုန်း–၀၉–၅၀–၃၂၉၈၂၊ ဒေါ်ရီရီလှ ဖုန်း–၀၁–၂၉၇၄၁၃၊ ဒေါ်ဝင်းသိန်း ဖုန်း–၀၅၂–၄၆၁၄၁နှင့် ဒေါ်ညိုညိုရီ ဖုန်း–၀၅၂–၄၆၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၅၀)**

မိခင်ဒေါ်ကျင်လှိုင်နှင့် ခင်ပွန်း ဦးမောင်ဝင်း ရှစ်နှစ်မြောက် တို့အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ၅၂ လမ်း အမှတ် ၅၃ နေ ဒေါ်ခင်ရီ၊ သားမောင်သိန်းထိုက်–မအိအိသိုက်နှင့် သမီး ဖြိုးသက်ဝင်း မိသားစုတို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို တိပိဋကကျောင်း အနုနာယကဆရာတော် ဦးနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် ၃ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ် ဝေယျာဝစ္စ သုံးစွဲရန် အတွက် မရမ်းကုန်း မြို့နယ် ၃ရပ်ကွက် (အောင် သ ဇင်) အောင် သ ပြေ လမ်း အမှတ်၉ နေ ဦးကိုဝင်း–နော်ချိုချိုလွင် မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ပြန်ကြားရေးမှူးနှင့် ခေတ္တဘဏ္ဍာရေးမှူး ဦးသန်း လက်ခံယူစဉ်။ (က–ပ)

ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၅၉)ကြိမ်မြောက် တရားစခန်းပွဲကို (၁၃၆၉ခု ပြာသိုလပြည့်ကျော် ၃ရက်) ဇန်နဝါရီ ၂၅ရက် (သောကြာနေ့) ညနေအရောက် ယောဂီများလာကြရမည်ဖြစ်သည်။

တရားစခန်းပွဲကို ပုပ္ပား(၂) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ–LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တဇောဂရ(ဓမ္မာစရိယ–မဟာဓမ္မာစရိယ)တို့က ဟောကြားကြမည်ဖြစ်ပါ၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၉၀၀၅၉သို့ ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည် အခမ်းအနား၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်သတင်းပို့

အသက် (၇၅)နှစ်အထက် သက်ကြီးများနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ(ဂုဏ်ထူးဖြင့်) အောင်မြင်ထားကြသူများ အသင်းတိုက်တည်ရှိရာ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် ၂၇၅(ပထမထပ်) ဖုန်း–၃၈၀၁၀၆ သို့ ဆက်သွယ် သတင်းပို့ကြရမည် ဖြစ်သည်။

နှိုးဆော်ထား

အဆိုပါ နှစ်ပတ်လည် အခမ်းအနားတွင် အသင်းအမှုဆောင်ဦးကျော်ထွန်းအောင် (ဟက်ပီးဝါး)က ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး ညောင်တုန်းနွယ်ဖွားများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ/ဌာနမှူး(ကလေးကျန်းမာရေးနှင့် သွားညှိကုပညာဌာန) ပါမောက္ခဒေါက်တာမျိုးဝင်းအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပညာရှိစိတ်ဓာတ်

ခိုင်မာသော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိသူတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကြကုန်။

(ဓမ္မပဒ ၈၁)

ရေကူးရေတွန်းစက်ရုံ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မရမ်းကုန်းမြို့နယ်ရှိ ရေကူးရေတွန်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Gusto Co.,Ltd. က ကူညီပံ့ပိုးကာ Net Framework 3.5 ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၉ ရက်(စနေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech ပြင်ပဆောင် အခန်း ၂၀၅ ၌ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးဇော်မိုးထွန်းနှင့် ဦးဝင်းထိန်ဝင်းတို့က ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Software Developer များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ပြီး အသေးစိတ်သိရှိလိုပါက Myanmar Info-Tech မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံး အဆောင်(၄) အခန်း(၄) ဖုန်း–၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၉–၁–၂၀၀၈ ရက်

(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၂:၄၅ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီးဆွန်ကြီး** (အပိုင်း–၅)
၁၃:၀၀ ၈။ **ပညာရေးအတွက်** ICT
၁၃:၂၀ ၉။ **စက်မှုဖွံ့ဖြိုး ဒို့တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)
၁၃:၄၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၅၅ ၁၁။ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၇–၂၀၀၈ (အပိုင်း–၂)
၁၄:၁၀ ၁၂။ အတီးပြိုင်ပွဲ
၁၄:၂၅ ၁၃။ **သတိနဲ့ယှဉ် အသိနဲ့ပြင်** (အပိုင်း–၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ဟန်နီထွန်း၊ ရတနာခင်၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၄:၃၅ ၁၄။ ကူးလူးဆက်သွယ်ချစ်ကြိုးနွယ် (ကရင်ပြည်နယ်၊ မွန်ပြည်နယ်)
၁၄:၄၅ ၁၅။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၁၆:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၇:၁၉ ၆။ အတီးပြိုင်ပွဲ
၁၇:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၁၇:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀ ၁၂။ ထွက်နှုန်းများလွန်တိုးပွား လွန်ကျော်ခြိမ့်မှငွေချည်(၆) စွမ်းအား
၁၉:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူအားမာန်** (အပိုင်း–၅)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း–၁၃)

ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ပေးနိုင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန်အတွင်း စက်ယန္တရားကြီးများဖြင့် သောင်မြေများ ဆယ်ယူနေမှု အပါအဝင် ရေကူးရေတွန်းစက်ရုံနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်ရှိ ရေပေးဝေရေးစက်ရုံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားရိပ်သာကန်ပေါင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းများကို မိုးရာသီမတိုင်မီ ပြီးစီးရေး၊ မိုးလေဝသနှင့် မိုးရွာသွန်းမှုအပေါ် မူတည်၍ ရေအတိုးအလျှော့ကို ချိန်ကိုက်ထိန်းညှိ ဆောင်ရွက်နိုင်ရေး၊ အင်းလျားကန်ရေပြင် ကြည်လင်သန့်ရှင်း သာယာလှပရေးအတွက် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး စက်ယန္တရားကြီးများဖြင့် သောင်မြေများ၊ ဒိုက်ပင်နှင့်မှော်ပင်များဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သောင်မြေတူးခြင်းလုပ်ငန်းများပြီးစီးပါက အင်းလျားကန်အတွင်း ရေဂါလန်ပေါင်း ၅၇၈သန်း ပိုမိုသိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရေကူး၊ ရေတွန်းစက်ရုံသို့ ရောက်ရှိ၍ ကုက္ကိုင်းရေလှောင်ကန်သို့ ရေတွန်းပို့နေမှုနှင့် အသစ်တည်ဆောက်လျက်ရှိသော ရေဂါလန်တစ်သန်းဆံ့ ရေတွန်းစက်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်များကို ကျန်းမာရေးနှင့်ညီညွတ်သော ရေများ အပြည့်အဝ ပိုမိုဖြန့်ဖြူး တွန်းပို့နိုင်ရေးအတွက် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် Electro Chlorinator စက်ဖြင့် ကလိုရင်းပါဝင်သော ဓာတုဆေးရည် ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

တွန်းပို့ဖြန့်ဖြူးနိုင်မည်

ယင်းရေကူးရေတွန်းစက်ရုံမှ အသစ်တည်ဆောက်လျက်ရှိသော ရေဂါလန်တစ်သန်းဆံ့ ရေတွန်းစက်များ ပြီးစီးပါက တက္ကသိုလ်ရိပ်သာ ပတ်ဝန်းကျင်နှင့်စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ်များ အပါအဝင် ရန်ကုန်မြို့အတွင်းသို့ ရေဂါလန် ၅၂ သန်း တွန်းပို့ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါ၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏စီစဉ်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်လျက်ရှိသော ရေပေးဝေရေးစက်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရပ်ကွက်နေပြည်သူများ ကြည်လင်သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ အပြည့်အဝ ပေးဝေနိုင်ရေးအတွက် လုပ်ငန်းများကို စေတနာထား ဆောင်ရွက်ရေး၊ လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ သောက်သုံးရေများကို အပိုင်းလိုက် ဖြန့်ဖြူးပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရပ်ကွက်နေ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေရေးစက်ရုံပြီးစီးပါက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ရပ်ကွက် ခုနစ်ခုမှ ဒေသခံပြည်သူများသည် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများကိုအိမ်တိုင်ရာရောက် ရရှိနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

အစ္စရေးတို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် သေဆုံးသူ၏မိသားစုများ ဝမ်းနည်းကြေကွဲနေကြသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အစ္စရေးနှင့် ဟားမတ်စ်တို့ ပစ်ခတ် ဟားမတ်စ်တို့က ဒုံးကျည် ၁၈ စင်းဖြင့် တိုက်ခိုက်

ဂါဇာ ဇန်နဝါရီ ၁၈

အစ္စရေးနိုင်ငံ တောင်ပိုင်း ပါလက်စတိုင်းနယ်စပ်တွင် ဇန်နဝါရီ ၁၇ ရက်က အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဟားမတ်စ်လက်နက်ကိုင်များ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ဟားမတ်စ်တို့က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး အစ္စရေးတို့ကလည်း လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၃ ဦးသေဆုံးခဲ့သည်။

အစ္စရေးတို့၏ ယခုလုပ်ရပ်သည် တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေကြောင်း၊ မိမိတို့အနေဖြင့် တုံ့ပြန်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဟားမတ်စ်တို့က ပြောကြားခဲ့သည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပစဉ် နှောင့်ယှက်ဖျက်ဆီးသူများအား ပစ်ခတ်နှိမ်နင်းမည်ဟုဆို

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပစဉ် နှောင့်ယှက်ဖျက်ဆီးရန် ကြိုးစားသူများအား ပါကစ္စတန်တပ်များက ပစ်ခတ်နှိမ်နင်းမည်ဖြစ်ကြောင်း သမ္မတမူရှာရက်ဖ်က ပြောကြားလိုက်သည်။

အဆိုပါရွေးကောက်ပွဲကို ချူကလီးယားလက်နက်ပိုင်ဆိုင်သော ပါကစ္စတန်တို့က တည်ငြိမ်စွာ အသွင်ကူးပြောင်းသွားရန် မျှော်လင့်ထားသည်။ သို့ရာတွင် ပါကစ္စတန်နိုင်ငံ၌ စစ်သွေးကြွများက အရှိန်မြှင့် တိုက်ခိုက်လာလျက်ရှိသည်။

ရွှေ့ဆိုင်း

ပါကစ္စတန်နိုင်ငံ၌ ဒီဇင်ဘာ ၂၇ ရက်က ဘနာဇီယာဘူတို လုပ်ကြံခံရပြီးနောက် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းခဲ့ရသည်။

ဘနာဇီယာဘူတို လုပ်ကြံခံရမှုတွင် လူပေါင်း ၅၀ နီးပါး သေဆုံးခဲ့ရသည်။ ပါကစ္စတန်နိုင်ငံ ကရာချိမြို့သည် စီးပွားရေးမြို့ဖြစ်သည်။ အစိုးရအနေဖြင့် အဓိကရုဏ်းပြန်လည် အဖြစ်ခံနိုင်လိမ့်မည်မဟုတ်ကြောင်း သမ္မတမူရှာရက်ဖ်က ပြောကြားသည်။

ပြောကြား

ရွေးကောက်ပွဲကျင်းပစဉ် တပ်များက ကင်းလှည့်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သမ္မတမူရှာရက်ဖ်က ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ရုရှားနိုင်ငံက ဗြိတိသျှကောင်စီကို ဆန့်ကျင်အရေးယူမှု နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေဟု ဗြိတိန်ပြောကြား

လန်ဒန် ဇန်နဝါရီ ၁၈

ရုရှားနိုင်ငံက ဗြိတိသျှကောင်စီအပေါ် ပြုမူဆောင်ရွက်မှုများသည် ရုရှားနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်မီလီဘရန်းက (အောက်ပုံ) **ထုတ်ဖော်ပြောကြားလိုက်သည်။**

ဗြိတိသျှကောင်စီ ဝန်ထမ်းများအား ရုရှား လုံခြုံရေးအဖွဲ့က အတင်းအကျပ် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ထုတ်ပြန်

ရုရှားအစိုးရက မော်စကိုမြို့ပြင်ရှိ ဗြိတိသျှကောင်စီ တည်ဆောက်ထားသော ရုံးနှစ်ရုံးကို အခွန်ချိုးဖောက်သည်ဟုစွပ်စွဲကာ ပိတ်ပစ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ထိခိုက်

ထိုသို့ပြုလုပ်ခြင်းအတွက် ရုရှားနိုင်ငံသည် ဗြိတိန်နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်း အမှုဆောင်အရာရှိချုပ် ဒေးဗစ်ဆင်က ပြောကြားသည်။

ရုရှားနှင့် ဗြိတိန်တို့သည် ကေဂျီဘီ ထောက်လှမ်းရေးသံသယဖြင့် ၂၀၀၆ ခုနှစ် နိုဝင်ဘာလက လစ်ဗင်နင်ကို အသတ်ခံရခြင်းကြောင့် တင်းမာမှုများ ကြီးထွားလာသည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့နှင့် ရေကာတာရင်ဘတ်မြို့များရှိ ဗြိတိသျှကောင်စီက တည်ထောင်ထားသော ရုံးများတွင် အလုပ်လုပ်နေသည့် ဝန်ထမ်းနှစ်ဦးအား ရုရှားလုံခြုံရေးအဖွဲ့က အတင်းအကျပ် စစ်ဆေးခဲ့မှုအပေါ် ဗြိတိသျှကောင်စီအမှုဆောင်အရာရှိချုပ်က အပြစ်ဆိုခဲ့သည်။ **(အင်တာနက်)**

ဒိုင်နိုဆောအရိုးစုများ တရုတ်သို့ ပြန်လွှဲအပ်

ကင်ဘာရာ ဇန်နဝါရီ ၁၈

သြစတြေးလျနိုင်ငံတွင်းသို့တရားမဝင် မှောင်ခိုတင်သွင်းခဲ့သော ဒိုင်နိုဆောရုပ်ကြွင်း အရိုးစုများအား တရုတ်နိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးခဲ့ကြောင်း သြစတြေးလျအစိုးရက ဇန်နဝါရီ ၁၇ရက်၌ ပြောကြားသည်။

ပြောကြား

သြစတြေးလျနိုင်ငံတွင်းသို့ ဒိုင်နိုဆောအရိုးစုများကို မှောင်ခိုရောင်းဝယ်သူများက တင်သွင်းခဲ့သည့် ဒိုင်နိုဆောအရိုးစု ကီလို ၇၅၀အား တရုတ်နိုင်ငံအစိုးရသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သြစတြေးလျနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကျန်ဂျွန်စီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ ဗုံးခွဲတိုက်ခိုက် လေးဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရရှိ

ပက်ရှဝါ(ပါကစ္စတန်) ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့၌ ဇန်နဝါရီ ၁၇ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားရာ အနည်းဆုံးလူလေးဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမြို့သည် ရှီးယားတို့ အများစုနေထိုင်ရာမြို့ဖြစ်ပြီး ပွဲတော်တစ်ရပ် ကျင်းပရန် ပြင်ဆင်နေချိန် အသေခံ ဗုံးဖောက်ခွဲရေးသမားတစ်ဦးက လူအုပ်အတွင်း ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိအဗ္ဗဒူလာခန်းက အေပီသတင်းဌာနသို့ ပြောကြားသည်။

ဖြစ်ပွား

ပါကစ္စတန်နိုင်ငံတွင် ရှီးယားနှင့် ဆွန်နီတို့အကြား အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့် သမိုင်းအစဉ်အလာရှိခဲ့သည်ဟုဆိုသည်။

လွန်ခဲ့သော သီတင်းပတ်တွင်လည်း လာဟိုးမြို့အရှေ့ပိုင်းရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၂၀ ကျော် သေဆုံးခဲ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဆိုမာလီအစိုးရတပ်ဖွဲ့နှင့် လက်နက်ကိုင်များအကြား တိုက်ပွဲဖြစ်ပွား ပြည်သူ ၁၂ ဦးသေဆုံး၊ ၁၀၀ ခန့်ဒဏ်ရာရရှိ

မိုဂါဒစ်ရှူး ဇန်နဝါရီ ၁၈

ဆိုမာလီနိုင်ငံတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ အပြင်းအထန်တိုက်ပွဲ ဖြစ်ပွားရာ ဒေသခံပြည်သူ ၁၂ ဦးသေဆုံးပြီး ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဆိုမာလီအရာရှိများက ပြောကြားသည်။

ဆိုမာလီနိုင်ငံ ဘာကာရာမြို့တွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက မော်တာကျည်များဖြင့် ပစ်ခတ်တိုက်ခတ်မှုကြောင့် အရပ်သားရှစ်ဦး သေဆုံးပြီး ၁၆ဦးဒဏ်ရာရရှိခဲ့သည်။

ဖြစ်ပွား

ထို့အတူ မိုဂါဒစ်ရှူးမြို့တွင်လည်း လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့် ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များအကြား ညလုံးပေါက် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ တိုက်ခိုက်မှုများကြောင့် ဆိုမာလီတပ်ဖွဲ့ဝင်အများအပြားသေဆုံးခဲ့ရသလို လက်နက်ကိုင် တိုက်ခိုက်ရေးသမားများလည်း သေဆုံးဒဏ်ရာ ရရှိမှုများဖြစ်ခဲ့သည်။ ထို့အတူ အရပ်သားများလည်း သေဆုံးခဲ့ရကြောင်း ဆိုမာလီအရာရှိများက ပြောကြားသည်။

(အင်တာနက်)

အီရတ်တောင်ပိုင်း၌ ရှီးယာဓလေ့ပွဲ လုံခြုံရေး ပွဲတော်ကျင်းပမည့်နေရာ ယာဉ်မောင်းနှင်ခွင့်မပြု

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

ဘဂ္ဂဒက်မြို့နှင့် တောင်ပိုင်းပြည်နယ်များတွင် ရှီးယာဓလေ့ပွဲတော် ကျင်းပရာတွင် မလိုလား အပ်သောပြဿနာများ မပေါ်ပေါက်စေရန် ယင်းပွဲတော်ကျင်းပမည့်နေရာများသို့ ယာဉ်ဝင်ထွက် သွားလာမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း အီရတ်အစိုးရက ဇန်နဝါရီ ၁၆ ရက်၌ ကြေညာသည်ကို အစိုးရပိုင်သတင်းစာတွင် ဖော်ပြသည်။

ယင်းထုတ်ပြန်မှုသည် ဘဂ္ဂဒက်မြို့တော်၊ ဒီယာလာပြည်နယ်နှင့် နိုင်ငံ၏တောင်ပိုင်း ပြည်နယ်အားလုံး အကျုံးဝင်ကြောင်း၊ ဇန်နဝါရီ ၁၇ ရက်ည ၈နာရီမှ ဇန်နဝါရီ ၁၉ ရက်ည ၈နာရီအထိ ယာဉ်သွားလာမှုကို ပိတ်ပင်ထားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အဗ္ဗဒူလ်ကာရင်ခါလက်ဖ်၏ ပြောကြားချက်ကို ကိုးကား၍ အစိုးရရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ကြေညာ

ယင်းသို့ အစိုးရ၏ထုတ်ပြန်ချက်သည် ဘဂ္ဂဒက်မြို့ တောင်ဘက်ကီလိုမီတာ ၁၁၀ အကွာရှိ ကာဘာလာနှင့် ဘဂ္ဂဒက်မြို့ မြောက်ပိုင်းရှိ ကာဒီမီယာတို့တွင် ကျင်းပမည့် ရှီးယာဓလေ့ပွဲတော်များသို့ လာရောက်ကြသည့် ထောင်ပေါင်းများစွာသော ပြည်သူတို့၏ လုံခြုံရေးကို အထောက်အကူဖြစ်စေရန် ကြေညာခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးဆောင်ရွက်ချက်များ အနက်မှ တစ်ခုဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မောင်မောင်မြင့်ဆွေ စုစည်းသည်

ချော့မြူမှုလွန်ကဲခဲ့ပါလျှင်...

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ဦးလေးဖြစ်သူ၏ ချော့မြူမှုလွန်ကဲသဖြင့် တစ်နှစ်အရွယ်ကလေးငယ် တစ်ဦးသေဆုံးခဲ့ရကြောင်း ကိုင်ရိုရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၆ ရက်၌ ပြောကြားသည်။

အသက် ၃၈နှစ်အရွယ် ဟာမက်မွတ်အမည်ရှိ အမျိုးသားတစ်ဦးသည် အသက်တစ်နှစ်အရွယ်တူဖြစ်သူ ကလေးငယ်အား လေထဲသို့ မြှောက်တင်ကာ ချော့မြူကစားနေရာမှ တစ်ကြိမ်တွင် ဖမ်းမမိဘဲမြေကြီးပေါ် လွတ်ကျခဲ့ရာ ကလေးငယ် ဦးခေါင်း မြေပြင်နှင့်ရိုက်မိပြီး မေ့မြောခဲ့သဖြင့် ဆေးရုံသို့ အမြန်တင်ပို့ခဲ့သည်။

ဆေးရုံသို့ ရောက်ချိန်၌ ကလေးငယ်၏ ဦးနှောက်အတွင်း သွေးယိုစီးမှုဖြစ်ပြီး သေဆုံးသွားခဲ့ရာ မိဘများနှင့်တကွ ဦးလေးဖြစ်သူတို့ ကြေကွဲဖွယ်ရာ ခံစားခဲ့ကြရသည်မှာ သတိပြုဖွယ်ရာပင်ဖြစ်ပါ၏။

အချိန်မီ မတားဆီးခဲ့သော...

တရုတ်နိုင်ငံ ဒါလင်မြို့အနောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာ ကျေးရွာတစ်ရွာအနီးရှိ ရေလျှောင်တမံတစ်ခုသို့ သွားရောက်ကစားသော ကလေးငယ်တစ်ဦး ဇန်နဝါရီ ၁၅ ရက်က ရေနစ်သေဆုံးသွားသည်။

အဆိုပါ ရေလျှောင်တမံအနီး လယ်တဲမှ ကလေးငယ်သုံးဦးတို့ ရေလျှောင်တမံပေါ် တက်ရောက်ကစားမှုကို မိဘများက မတားဆီးခဲ့သဖြင့် အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးမှာ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်သည်။

အသက် ၁၃ နှစ်နှင့် ၁၅ နှစ်အရွယ် လူငယ်နှစ်ဦးသည် ကစားချင်စိတ်လွှမ်းမိုးကာ အခြားတစ်နေရာတွင် အာရုံစူးစိုက်ကစားနေချိန်၌ အသက်သုံးနှစ်အရွယ်ကလေးငယ်မှာ ရေလျှောင်တမံပေါ်မှ ရေထဲဆင်းဆော့ကစားခဲ့မှုကြောင့် ရေနစ်ခဲ့ရခြင်းဖြစ်ပေရာ မိဘတိုင်းသတိပြုဖွယ်ရာဖြစ်ရပ် ဖြစ်ပေသည်။ **(အင်တာနက်)**

19-1 (04) 1 1/19/08, 2:15 AM

တောင်ကာရိုလိုင်းနား အကြိုရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ရေး ရီပတ်ဘလီကင် ကိုယ်စားလှယ်လောင်းများ တာစူနေ

ဝါရှင်တန် ဇန်နဝါရီ ၁၈

အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဇန်နဝါရီ၁၅ ရက်ကပြုလုပ်သော မစ်ချီဂန်အကြိုရွေးကောက်ပွဲ၌ ရီပတ်ဘလီကင်ပါတီဝင် ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်ကြပြီးနောက် နောက်တစ်ကြိမ် တောင်ကာရိုလိုင်းနားပြည်နယ် အကြိုရွေးကောက်ပွဲအတွက် ပြင်ဆင်နေကြပြီဖြစ်သည်။

တောင်ကာရိုလိုင်းနားပြည်နယ် အကြိုရွေးကောက်ပွဲကို ရီပတ်ဘလီကင် ပါတီဝင် ကိုယ်စားလှယ်လောင်းများအတွက် ဇန်နဝါရီ ၁၉ရက်တွင် ကျင်းပမည် ဖြစ်သည်။

မျှော်မှန်းထား

ဇန်နဝါရီ ၁၉ရက်တွင် ကျင်းပမည့် အကြိုရွေးကောက်ပွဲ၌ ရီပတ်ဘလီကင် ကိုယ်စားလှယ်လောင်းများအနေဖြင့် တစ်ဦးနှင့်တစ်ဦး မဲအပြတ်အသတ်မရဘဲ ပွတ်ကာသီကာ အနိုင်ရမည်ဟု မျှော်မှန်းထားသည်။

ကျင်းပမည်

ထိုနေ့ အကြိုရွေးကောက်ပွဲ၌ ဒီမိုကရက်တစ် ကိုယ်စားလှယ်လောင်းများမှာ ကိုယ်တိုင်မပါဝင်သော်လည်း စိတ်ဝင်တစားရှိကြသည်။ ဒီမိုကရက်တစ်ကိုယ်စားလှယ်ယှဉ်ပြိုင်ရမည့် တောင်ကာရိုလိုင်းနား အကြိုရွေးကောက်ပွဲကို ဇန်နဝါရီ ၂၆ရက်တွင် ကျင်းပမည်ဖြစ်သည်။

ကြွေးကြော်

ရီပတ်ဘလီကင်ပါတီမှ ကိုယ်စားလှယ်လောင်း ရွမ်နေးသည် ယခုအထိ ယှဉ်ပြိုင်ခဲ့သမျှတွင် မစ်ချီဂန်အကြိုရွေးကောက်ပွဲ တစ်ကြိမ်သာရှိသေးသည်။ သို့သော် သူကအောင်မြင်မှု၏အစဟု ကြွေးကြော်နေသည်။

ပွဲကြည့်

ဇန်နဝါရီ ၁၉ရက် အကြိုရွေးကောက်ပွဲတွင် ဒီမိုကရက်တစ် ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဟီလာရီကလင်တန်၊ အိုဘားမားနှင့် ဂျွန်အက်ဒွပ်တို့သည် ပွဲကြည့်ပရိသတ်များဖြစ်သည်။

အလေးထား

ရွမ်နေးနှင့်တကွ မက်ကိန်း၊ ဟတ်ကာဘီး၊ ဖရက်သွမ်မဆင်တို့က တောင်ကာရိုလိုင်းနား အကြိုရွေးကောက်ပွဲကို အထူးအာရုံစိုက်နေပြီး နယူးယောက်မြို့တော်ဝန်ဟောင်း ဂူလီယာနီကမူ ဇန်နဝါရီ၂၉ရက်တွင် ကျင်းပမည့် ဖလော်ရီဒါ အကြိုရွေးကောက်ပွဲကို အလေးထား အာရုံစိုက်နေသည်ဟု သိရသည်။

(အင်တာနက်)

အာဆီယံနှင့် ယူနန်ပြည်နယ်ကုန်သွယ်မှု ၄၀ ရာခိုင်နှုန်းနီးပါး တိုးတက်

ကူမင်း ဇန်နဝါရီ ၁၈

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်နှင့် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ ၃ဒသမ၀၃ဘီလီယံဖိုးအထိ ရောက်ရှိခဲ့ကြောင်း၊ ယင်းပမာဏမှာ နှစ်စဉ်တိုးတက်မှု၏ ၄၀ရာခိုင်နှုန်းနီးပါး ရှိကြောင်း ဒေသဆိုင်ရာ အကောက်ခွန် စာရင်းဇယားများတွင် ဖော်ပြသည်။

တင်ပို့ရောင်းချ

အဆိုပါပြည်နယ်သည် မြန်မာ၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော ပြည်နယ်ဖြစ်သည်။ ယင်းပြည်နယ်မှ အာဆီယံနိုင်ငံများသို့ တင်ပို့ရောင်းချသော ပစ္စည်းများတွင် စက်ပစ္စည်းများ၊ လျှပ်စစ်ထုတ်ကုန်ပစ္စည်းများနှင့် ဓာတ်မြေဩဇာများပါဝင်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇ ဘီလီယံဖိုးရှိသည်။

ဖော်ပြ

ယမန်နှစ်က ဗီယက်နမ်နိုင်ငံသည် ယူနန်ပြည်နယ်နှင့် ကုန်သွယ်ရာတွင် အများဆုံးနိုင်ငံဖြစ်သည်။ တန်ဖိုးငွေအားဖြင့် အမေရိကန်ဒေါ်လာသန်း ၉၇၀ဖိုး ရှိကြောင်း စာရင်းဇယားများ၌ ဖော်ပြသည်။

ဈေးကွက်ကြီးဖြစ်လာ

အာဆီယံသည် ယူနန်ပြည်နယ်၏ အကြီးမားဆုံး ဈေးကွက်ကြီးဖြစ်လာကြောင်း အကောက်ခွန်ဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အာဆီယံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ ကုန်သွယ်မှုကြောင့် ၂၀၀၇ခုနှစ်တွင် ယူနန်ပြည်နယ်၏ ရှယ်ယာများ အမြင့်ဆုံးမြင့်တက်ခဲ့ရာ ၃၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယာဉ်ပျက်စီး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အနီး အဝေးပြေး လမ်းမပေါ်၌ ခရီးသည်တင်ဘတ်စ်ကားနှစ်စီး တိုက်မိပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တိုနီဘလဲ ကနေဒါသို့ လာရောက်မှု စစ်ဆန့်ကျင်သူများ စုရုံးဆန္ဒပြ

အော့တာဝါ ဇန်နဝါရီ ၁၈

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ ကနေဒါနိုင်ငံ တိုရွန်တိုမြို့သို့ ကြာသပတေးနေ့က လာရောက်လည်ပတ်ခဲ့ရာတွင် ဆန္ဒပြသူ ၃၀ခန့်က တိုနီဘလဲ တည်းခိုသည့် ဟိုတယ်အပြင်ဘက်၌ စုရုံးရောက်ရှိကာ ဆန့်ကျင်ဆန္ဒပြခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြကြသည်။

ပြောကြား

ဆန္ဒပြ ပြည်သူများက အီရတ်၊ အာဖဂန်နစ္စတန်နှင့် ပါလက်စတိုင်းတို့ကို ကျူးကျော်တိုက်ခိုက်ခဲ့သူများအား အလိုမရှိ၊ ဘလဲသည် ဗြိတိသျှပြည်သူများကို စစ်ပွဲအတွင်း လွဲမှားစွာ ဦးဆောင်ခဲ့ကြောင်း၊ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန် လူအများသေကျေစေနိုင်သော လက်နက်များ အီရတ်၌ ရှိသည်ဟုဆိုကာ အမေရိကန်သမ္မတဘုရှ်အား ထောက်ခံခဲ့ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ စစ်သွေးကြွများ တိုက်ခိုက်မှု ခုနစ်ဦးသေဆုံး၊ ၁၅ဦး ပျောက်ဆုံးနေ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရှေ့တန်းစစ်စခန်းတစ်ခုကို တာလီဘန်လိုလားသောစစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များ ၎င်းတို့၏ ဒုတိယမြောက်စစ်စခန်းတစ်ခုကို စွန့်ခွာထွက်ပြေးကြရကြောင်း ဇန်နဝါရီ၁၇ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆုတ်ခွာ

ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ဝါဇီရီစတန်တောင်ပိုင်း ဆစ်ပလာတွိုင်း စစ်အခြေစိုက်စခန်းမှ ဆုတ်ခွာသွားခဲ့ရသည်။

သိမ်းထား

ရာပေါင်းများစွာသော စစ်သွေးကြွများသည် ဝါဇီရစ်စတန်တောင်ပိုင်းရှိ စစ်စခန်းတစ်ခုကိုလည်း သိမ်းထားသည်ဟုဆိုသည်။

တပ်စွဲနေထိုင်

ဆစ်ပလာတွိုင်း စစ်အခြေစိုက်စခန်းသည် ဒီရာအစ္စမေးလ်ခမ်းမြို့မှ ၅၅ မိုင်အကွာ၌တည်ရှိပြီး အစိုးရတပ်ဖွဲ့ဝင် ၃၀ မှ ၄၀ ခန့် တပ်စွဲနေထိုင်လျက်ရှိသည်။

လူသိများ

ဝါဇီရီစတန်တောင်ပိုင်းဒေသသည် တာလီဘန်လိုလားသူများနှင့်အယ်လ်ခိုင်ဒါ စစ်သွေးကြွများ အများအပြားရှိရာဒေသအဖြစ် လူသိများသည်။

ပြောကြား

အဆိုပါ ဒေသတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်း ခုနစ်ဦးသေဆုံးပြီး ၁၅ဦး ပျောက်ဆုံးနေကြောင်း စစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးကြောင့် အင်ဒိုနီးရှား၌ အမျိုးသမီးတစ်ဦး ထပ်မံသေဆုံး

ဂျကာတာ ဇန်နဝါရီ ၁၈

အင်ဒိုနီးရှားနိုင်ငံ၌ အသက် ၁၆နှစ်အရွယ်ရှိ ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသွားခဲ့ရာ ယင်းရောဂါဖြင့် သေဆုံးသူ ၉၆ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၅ရက်က ပြောကြားသည်။

ပြောကြား

အဆိုပါမိန်းကလေးသည် လွန်ခဲ့သောသီတင်းပတ်က ကြက်ငှက်တုပ်ကွေး ဖြစ်ပွားနေသော ဘီကာဆီအရပ်မှဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကြက်ငှက် တုပ်ကွေး ထိန်းချုပ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

စမ်းသပ်တွေ့ရှိ

ယင်းမိန်းကလေးသည် အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီးဌာန ကြက်ငှက်တုပ်ကွေး ထိန်းချုပ်ရေးဌာနက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း စမ်းသပ်တွေ့ရှိထားသော မွေးမြူရေးခြံပိုင်ရှင်တစ်ဦးပိုင်ဆိုင်သည့် ကြက်ခြံအနီးမှ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂါဇာကမ်းမြောင်ဒေသရှိ စစ်သွေးကြွများအား ချေမှုန်းသွားမည်ဟု အစ္စရေးဝန်ကြီးချုပ် ပြောကြား

တဲလ်အဗစ် ဇန်နဝါရီ ၁၈

ပါလက်စတိုင်းခေါင်းဆောင်များနှင့် အစ္စရေးတို့ ငြိမ်းချမ်းရေးဆွေးနွေးသော်လည်း ဂါဇာရှိ စစ်သွေးကြွများက အစ္စရေးနိုင်ငံအတွင်း ဒုံးကျည်များဖြင့် ပစ်ခတ်လျက်ရှိသည်။

ထိုသို့အစ္စရေးနိုင်ငံအတွင်း ဒုံးကျည်များဖြင့် ပစ်ခတ်နေခြင်းကို ရပ်တန့်စေရန် ဂါဇာရှိစစ်သွေးကြွများအား စစ်ပွဲတစ်ရပ်ဆင်နွှဲတိုက်ခိုက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း အစ္စရေးဝန်ကြီးချုပ် အေဟွတ်အိုလ်မတ်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အစ္စရေးဝန်ကြီးချုပ် အေဟွတ်အိုလ်မတ်။ (အင်တာနက်–ဓာတ်ပုံ)

သေဆုံး

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် သွားရောက်ဆွေးနွေးခဲ့ပြီးနောက် ဂါဇာတွင် သွေးထွက်သံယို တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာသည်။ ယင်းအတွက် အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ဂါဇာ၌ စစ်သွေးကြွတစ်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူတို့ သေဆုံးသွားသည်ဟု ဆိုသည်။

ပစ်ခတ်

လွန်ခဲ့သော နှစ်ရက်က အစ္စရေးတောင်ပိုင်းသို့ ဟားမတ်စ်တို့ ထိန်းချုပ်သော ဒေသမှ စစ်သွေးကြွများက ဒုံးကျည်အစင်း ၇၀ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ဂါဇာရှိ စစ်သွေးကြွများအား အမြစ်ပြတ်ချေမှုန်းရန် နေ့စဉ်ညတိုင်း စစ်ဆင်ရေးအသွင်ဖြင့် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အိုလ်မတ်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှု ၁၁ ဦး သေဆုံး၊ ၁၈ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ဒီယာယာပြည်နယ်တွင် ဖောက်ခွဲရေးပစ္စည်းများပါသည့် ခါးပတ် ပတ်ထားသော အမျိုးသမီးတစ်ဦးက အသေခံ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၁ ဦးသေဆုံးသည်ဟု အီရတ်ရဲအဖွဲ့ကဆိုကြောင်း ဇန်နဝါရီ ၁၆ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။ အဆိုပါဗုံးခွဲတိုက်ခိုက်မှုသည် ဘာကူဘာမြို့၏တောင်ဘက် ခန်ဘနီဆက်ဒ်မြို့တွင် ဖြစ်ပွားခဲ့သည်။

ဒဏ်ရာရ

လူစည်ကားရာ ဈေးအနီး၌ဖြစ်ပွားခဲ့သော အဆိုပါတိုက်ခိုက်မှုတွင် ၁၈ဦး ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆေးကုသ

ဘာကူဘာတွင် လုံခြုံရေးအခြေအနေ စိတ်မချရမှုကြောင့် ဒဏ်ရာရသူများကို ဘဂ္ဂဒက်သို့ ပို့ဆောင်ဆေးကုသခဲ့ရကြောင်း သတင်းများ၌ ဖော်ပြသည်။

ယခုဖြစ်ရပ်သည် ဘာကူဘာဒေသတွင် လွန်ခဲ့သော နှစ်လအတွင်း အမျိုးသမီးတိုက်ခိုက်ရေးသမား၏ သုံးကြိမ်မြောက်တိုက်ခိုက်မှုကို ခံခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

အစ္စရေးတို့နှင့် တိုက် ခိုက် မှု များ ဖြစ် ပွား နေ သော ဂါဇာ ကမ်း မြောင် ဒေသရှိပါလက်စတိုင်း စစ်သွေးကြွများအား ဇန်နဝါရီ ၁၇ ရက် က တွေ့ရစဉ်။ (အင်တာနက်–ဓာတ်ပုံ)

ကမ္ဘောဒီးယားရှိ မပေါက်ကွဲသေးသောမိုင်းများ အနံ့ခံခွေးများသုံးပြီး ရှာဖွေမည်

ဖနောင်ပင် ဇန်နဝါရီ ၁၈

ကမ္ဘောဒီးယားနိုင်ငံ၌ စစ်ပွဲအတွင်း မြေအောက်ရှိ မပေါက်ကွဲသေးသော မိုင်းများနှင့် ဗုံးများကို အနံ့ခံခွေးများအသုံးပြု၍ ရှာဖွေသွားရန် အနံ့ခံခွေး ၁၆ ကောင်ကို လေ့ကျင့်ပေးထားပြီဖြစ်ကြောင်း ကမ္ဘောဒီးယား မိုင်းရှင်းလင်းရေးဌာန (စီအမ်အေစီ)မှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ၁၇ ရက်၌ ပြောကြားသည်။

ထိုကိစ္စနှင့် ပတ်သက်၍ အထိရောက်ဆုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီအမ်အေစီမှ ခမ်ဆိုဖိုရမ်က ဆင်ဟွာသို့ ပြောကြားသည်။

လေ့ကျင့်

အဆိုပါအနံ့ခံခွေးများကို ဆွီဒင်နိုင်ငံ၏ အကူအညီဖြင့် ကိုဆိုဗိုမှ ထောက်ပံ့ပေးခဲ့ရာ ကမ္ဘောဒီးယား၌ တစ်နှစ်ကြာခန့် လေ့ကျင့်ပေးထားပြီး ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါခွေးများသည် မြေကြီး အတော်အတန်အနက်ရှိ ဗုံးများနှင့် မိုင်းများကို ရှာဖွေနိုင်ကြောင်း သိရသည်။

ယင်းခွေးများသည် တန်ဖိုးကြီးမားပြီး တစ်နေ့လျှင် အမေရိကန်ဒေါ်လာ လေးဒေါ်လာဖိုးခန့် စားနိုင်သည်ဟုဆိုသည်။

ထိခိုက်

ကမ္ဘောဒီးယားနိုင်ငံ၏ မြေအောက်၌ မပေါက်ကွဲသေးသော ဗုံးသန်းပေါင်းများစွာရှိရာ နှစ်ထပ်မိုင်းထိ၍ လူပေါင်း ၄၀၀ ခန့်ထိခိုက်သေဆုံးနေရသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကံမကောင်း အကြောင်းမလှခဲ့သူ

ဗြိတိန်နိုင်ငံသူကလေး ကာရင်အင်မ်။

ဗြိတိန်နိုင်ငံသူကလေး ကာရင်အင်မ်သည် ငယ်ရွယ်ချောမောလှပသော အမျိုးသမီးတစ်ဦးဖြစ်သည်။ သူမ၏အလှမှာ ဆွဲဆောင်မှုရှိသည်။ ငယ်ရွယ်သူ ဖြစ်သော်လည်း မိဘများအပေါ် ဆိုးနွဲ့ခြင်းမရှိပေ။ မိဘအပေါ် ကျေးဇူးသိတတ်သောသမီးဖြစ်သည်။

ကျေးဇူးသိတတ်

ကာရင်အင်မ်သည် အပျော်ခရီးထွက်ရာ၌ ဝါသနာပါသည်။ ထိုသို့ခရီးထွက်ရာတွင်လည်း ပြည်တွင်းတွင် ထွက်လေ့မရှိဘဲ ပြည်ပသို့သာ ထွက်လေ့ရှိသည်။ သူသည် ပြည်ပရှိ သာယာလှပသော ကမ်းခြေအပန်းဖြေစခန်းများသို့ သွားရောက်လေ့ရှိသကဲ့သို့တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို တစ်ဖက်ကလည်း အလုပ်လုပ်ကိုင်လေ့ရှိသည်။ စီးပွားရေးသိပြီး မိဘကိုကျေးဇူးဆပ်လေ့ရှိသူ ကာရင်အင်မ်သည် ၂၀၀၆ ခုနှစ် အောက်တိုဘာလ အတွင်းက သုံးလကြာ ကမ္ဘာလှည့်ခရီး သွားရောက်ခဲ့ကာ အလုပ်လုပ်ကိုင်ခဲ့သည်။ ထို့နောက် သုံးလပြည့်ပြီးသည့် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ဗြိတိန်ရှိ ၎င်း၏ အိမ်သို့ ပြန်ရောက်လာခဲ့သည်။

ကြိုးစား

ကာရင်အင်မ်သည် ပထမအကြိမ် နယူးဇီလန်သို့ အလည်အပတ်ရောက်ရှိပြီးကတည်းက ရေမြေသဘာဝ ကောင်းမွန်ပြီး စီးပွားရှာရလွယ်ကူသော နယူးဇီလန်သို့ ဒုတိယအကြိမ် ရောက်ရှိရန် ကြိုးစားခဲ့သည်။ နယူးဇီလန်နိုင်ငံသည် သဘာဝအလှတရားများနှင့် ပြည့်ဝနေသော ဒေသဖြစ်ရာ သဘာဝအလှအပများကို ခုံမင်သော ကာရင်အင်မ်အနေဖြင့် နယူးဇီလန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး ကြာရှည်စွာ နေထိုင်နိုင်ရန် ကြိုးစားခဲ့သည်။

စာရေးသတင်းပို့

ထို့ကြောင့် ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် အလုပ်လုပ်ခွင့်ပါမစ်ရယူကာ နယူးဇီလန်နိုင်ငံ အော့တ်လန်မြို့၏ အရှေ့တောင်ဘက် ၄၂ မိုင်အကွာ တော်ပိုမြို့ရှိ စူပါမားကက်ကြီးတစ်ခုတွင် လက်ထောက်အရောင်းဝန်ထမ်းအဖြစ် လုပ်ကိုင်ကာ မိဘများထံသို့လည်း လုပ်ခငွေများကို မှန်မှန်ပြန်ပို့ခဲ့သည်။ ၎င်းလုပ်ကိုင်သည့်ဆိုင်သည် ဖန်ထည်အလှအပပစ္စည်းများကို အဓိကရောင်းချသော ဆိုင်ကြီးတစ်ဆိုင်ဖြစ်ကြောင်း မိဘများထံ စာရေးသတင်းပို့ခဲ့သည်။

တော်ပိုမြို့ရှိ စူပါမားကက်ကြီး တစ်ခုတွင် လက်ထောက် အရောင်းဝန်ထမ်းအဖြစ် လုပ်ကိုင်ကာ မိဘများထံသို့လည်း လုပ်ခငွေများကို မှန်မှန် ပြန်ပို့ခဲ့။

ယူကျုံးမရ

မိဘအပေါ်သိတတ်ပြီး သဘာဝအလှတရားကို ခုံမင်သူ ကာရင်အင်မ်သည် ယခုနှစ် ဇန်နဝါရီ၇ရက်နံနက်စောစောတွင် တော်ပိုမြို့၏ လမ်းမတစ်ခုပေါ်တွင် ဦးခေါင်း၌ ဒဏ်ရာများရရှိလျက် လဲကျနေသည်။ ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ၎င်း၏အသက်ကို မကယ်တင်နိုင်ခဲ့ပေ။ ရဲတပ်ဖွဲ့ဝင် ၅၀ ပါသော အဖွဲ့က ၎င်းအမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ စုံစမ်းစစ်ဆေးချက်များအရ ကာရင်အင်မ်၏ဦးခေါင်းတွင် ဒဏ်ရာများဖြင့် မတွေ့ရမီ ဇန်နဝါရီ ၁၆ ရက် ညပိုင်းက တော်ပိုမြို့ရှိ ဆိုင်များသို့ သွားလာလည်ပတ်ခဲ့သည်ကို တွေ့ရကြောင်း သတင်းရရှိသည်။ စကော့တလန်နိုင်ငံ အော့်နေးရှိ မိသားစုများထံနှင့် မာနာဝါတူရှိ ဆွေမျိုးများထံသို့ အကြောင်းကြားခဲ့ရာ မိဘနှစ်ပါးမှာ ယူကျုံးမရ ဖြစ်ခဲ့ရသည်။

မလွဲကေန်

မည်သို့ပင်ဆိုစေ မိဘအပေါ် ကျေးဇူးသိတတ်သူ သမီးလိမ္မာ ကာရင်အင်မ်သည် ကံမကောင်း အကြောင်းမလှစွာ အသက်ဆုံးရှုံးခဲ့ရသည်မှာရင်နင့်ဖွယ်ကောင်းလှသည်။ ကာရင်အင်မ်ကို သတ်ခဲ့သူသည်လည်း ၎င်းပြုမိသည့် ပြစ်မှုအတွက် တစ်နေ့တွင် ပြန်လည်ပေးဆပ်ရမည်မှာ မလွဲကေန် ဖြစ်ပေသည်။ ။

ချစ်စိုးနိုင်–ကိုးကားရေးဖွဲ့သည်

ဘဝဒဿနအမြင်

Everything comes to him who hustles while he waits.
စောင့်ဆိုင်းနေလျှင် သင့်ထံသို့ မည်သည့်အရာမျှ ရောက်လာမည်မဟုတ်။

I never did a day's work in my life. It was all fun.
ကျွန်တော့်ဘဝမှာ အလုပ်မလုပ်တဲ့နေ့ မရှိပါဘူး။ အလုပ်လုပ်နေတာဟာ အပျော်တွေရရှိနေခြင်းပါပဲ။

Opportunity is missed by most people because it is dressed in overalls and looks like work.
လူအများအပြားဟာ အခွင့်အရေးတွေ လွဲချော်နေကြတယ်။ အဲဒါဟာ အလုပ်ကို သေသေချာချာ ဇောက်ချမလုပ်ကိုင်ကြလို့ပဲ ဖြစ်တယ်။

သောမတ် အေ အက်ဒီဆင်
တီထွင်မှုပညာရှင်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၁၈–၁–၂၀၀၈

ဆော်ဒီအာရေဗျစွပ်စွဲမှု ဆီးရီးယားပယ်ချ

လက်ဘနွန်နိုင်ငံတွင်ဖြစ်ပေါ်နေသော နိုင်ငံအရေးအကျပ်အတည်းနှင့်ပတ်သက်၍ ဆီးရီးယားအပေါ် ဆော်ဒီအာရေဗျနိုင်ငံက စွပ်စွဲမှုကို ဆီးရီးယားတို့က ပယ်ချလိုက်သည်။

လက်ဘနွန်နိုင်ငံအတွင်း မငြိမ်မသက်ဖြစ်ရန်နှင့် ဆူပူမှုများဖြစ်ပေါ်စေရန် ဆီးရီးယားတို့ပြုလုပ်နေကြောင်း ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး ဆွတ်အယ်ဖေဆယ်က ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပြောကြားမှုကို ဆီးရီးယားတို့က ပယ်ချလိုက်ခြင်းဖြစ်သည်။

လက်ဘနွန်ရှိ အမေရိကန်သံရုံး လုံခြုံရေးတိုးမြှင့်

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် မကြာမီက အမေရိကန် သံရုံးကားကို ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် သံရုံးလုံခြုံရေး တင်းကျပ်လိုက်ကြောင်း လက်ဘနွန်ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်ဘနွန်ရှိ အမေရိကန်သံရုံး ဝန်ထမ်းများ၏ ခရီးသွားလာမှုများကိုလည်း ကန့်သတ်လိုက်ပြီး လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ထားကြောင်း ၎င်းတို့က ပြောကြားသည်။

ဗြိတိန်၌ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် လူသို့ ကူးစက်ပြန့်ပွား

ဗြိတိန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် လူသို့ ကူးစက်ပြန့်ပွားနေကြောင်း ဗြိတိန်ကျန်းမာရေးအရာရှိများက အတည်ပြုပြောကြားလိုက်သည်။

ဗြိတိန်နိုင်ငံတောင်ပိုင်း ဒိုရာဆက်မြို့တွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် လူသို့ကူးစက်ခံရသူ သုံးဦးရှိပြီဖြစ်ကြောင်း၊ အခြားဒေသများသို့ ပျံ့နှံ့ခြင်းမရှိရန် ကြိုးစားဆောင်ရွက်နေကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

အရေးယူရန်တိုက်တွန်းမှု အီရန်ပယ်ချ

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်များ ဆက်လက်ဆောင်ရွက်နေမှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူမှုတစ်ရပ်ထပ်မံချမှတ်ရန် ဂျာမနီနိုင်ငံက တိုက်တွန်းမှုအပေါ် အီရန်ကပယ်ချလိုက်သည်။ အီရန်နိုင်ငံအပေါ် အရေးယူမှု ထပ်မံပြုလုပ်ရန်အတွက် အစည်းအဝေးတစ်ရပ်အမြန်ကျင်းပသင့်ပြီး ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သင့်ကြောင်း ဂျာမနီနိုင်ငံခြားဝန်ကြီးဌာန အရာရှိကြီးတစ်ဦးပြောကြားမှုသည် လက်တွေ့နှင့် ကင်းကွာလျက်ရှိကြောင်း အီရန်အရာရှိများက တုံ့ပြန်ပြောကြားသည်။

ဗီယက်နမ်နှင့်လာအို လုံခြုံရေးကဏ္ဍပူးပေါင်းမည်

ဗီယက်နမ်နိုင်ငံက လာအိုနိုင်ငံနှင့်အတူ လုံခြုံရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်ပြည်သူ့ရေးရာလုံခြုံရေးဝန်ကြီး လီဟောင်အင်က ပြောကြားလိုက်သည်။

နှစ်နိုင်ငံအကြား ရာဇဝတ်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လူမှောင်ခိုကူးမှုများဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေးလုပ်ငန်းစဉ်များ၌ လာအိုနိုင်ငံနှင့်အတူ နီးနီး ကပ်ကပ် အပြန်အလှန် ပူးပေါင်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ရေနံဈေးနှုန်းဆက်လက်ကျဆင်းဖွယ်

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၁ဒေါ်လာရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်) အရာရှိကပြောကြားသည်။

ရေနံဈေးနှုန်းမှာ ဆက်လက်ကျဆင်းဖွယ်ရှိနေပြီး လာမည့်သီတင်းပတ်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ၈၅ဒေါ်လာခန့်အထိကျဆင်းလာနိုင်ဖွယ်ရှိကြောင်း အိုပက်အရာရှိများက ပြောကြားသည်။

ကမ္ဘောဒီးယား၌ ဆန်ပိုမိုထွက်ရှိရေးကြိုးပမ်း

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ်၌ ဆန်ပြတ်လပ်မှုမရှိစေရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဘဏ္ဍာရေးနှင့်စီးပွားရေးလုပ်ငန်းဝန်ကြီး ကတ်ချဟွန်က သတိပေးလိုက်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၇ခုနှစ်က ဆန်တန်ချိန် ၆ဒသမ၄သန်းတန် ထွက်ရှိခဲ့သည်။ ထိုအရေအတွက်မှာ ဆန်တန်ချိန် ၂ဒသမ၁သန်းကို နိုင်ငံခြားသို့ တင်ပို့နိုင်ခဲ့သည်။

ယခုနှစ်၌ ဆန်ပိုမိုထွက်ရှိရေး ကြိုးပမ်းရန် ၎င်းကတိုက်တွန်းလိုက်ခြင်းဖြစ်သည်။

စင်ကာပူနှင့် အင်ဒိုနီးရှား စစ်ရေးပူးတွဲလေ့ကျင့်

စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဇန်နဝါရီ၁၆ ရက်မှ ၂၅ရက်အထိ စစ်ရေးပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း အင်ဒိုနီးရှား စစ်ဘက်အရာရှိများက ပြောကြားသည်။

စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ရေတပ်ဆိုင်ရာ ပူးတွဲလေ့ကျင့်မှုမှာ ယခုအကြိမ်သည် အကြိမ်(၂၀)မြောက်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးတွဲလေ့ကျင့်မှုများကို ၁၉၇၄ခုနှစ်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တရုတ်စီးပွားရေး တိုးတက်ဖြစ်ထွန်း

တရုတ်နိုင်ငံ၏စီးပွားရေးမှာ ဝယ်လိုအားတန်ဖိုးချင်းတူမှု(ပီပီပီ)ပေါ် အခြေခံတွက်ချက်လျှင် ကမ္ဘာပေါ်၌ အမေရိကန်ပြီးလျှင် ဒုတိယစီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သည်။ သို့မဟုတ် ငွေလဲနှုန်းပေါ်အခြေခံတွက်ချက်လျှင် တရုတ်နိုင်ငံသည် အမေရိကန်၊ ဂျပန်၊ ဂျာမနီသုံးနိုင်ငံပြီးလျှင် ကမ္ဘာပေါ်၌ စတုတ္ထမြောက် စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်သည်။

မညီမမျှ

တရုတ်နိုင်ငံသည် လွန်ခဲ့သည့် ၂၅နှစ်လုံး နှစ်စဉ်ပျမ်းမျှ ဂျီဒီပီ၁၀ရာခိုင်နှုန်းအထက်ရှိသည်။ လျင်မြန်စွာ စီးပွားရေးတိုးတက်သည့်နိုင်ငံဖြစ်သည်။ နှစ်၃၀အတွင်း တစ်ဦးချင်းဝင်ငွေ နှစ်စဉ်ပျမ်းမျှတိုးတက်မှု ၈ရာခိုင်နှုန်းကျော်ရှိပြီး ဆင်းရဲမွဲတေမှု အမြန်ဆုံးလျှော့ချနိုင်ခဲ့သည်။ သို့သော် ဖွံ့ဖြိုးမှုအလျင်အမြန်တိုးတက်မှုနှင့်အတူ ဝင်ငွေတိုးတက်မှု မညီမမျှဖြစ်ရသည်။

ဆွဲထုတ်နိုင်ခဲ့

တရုတ်ပြည်၏နယ်မြေပိုင်နက်ကျယ်ဝန်းမှု၊ သုံးမကုန်အောင်များပြားသည့် အရင်းအမြစ်များပိုင်ဆိုင်မှုနှင့် ကမ္ဘာ့လူဦးရေ၏ ၂၀ရာခိုင်နှုန်းမှီတင်းနေထိုင်မှုများရှိသော်လည်း ကမ္ဘာ့စီးပွားရေးတွင် တရုတ်နိုင်ငံ၏အခန်းကဏ္ဍမှာ သေးငယ်ပါသည်။ သို့သော် ၁၉၇၀ပြည့်လွန်နှစ်များတွင် ဈေးကွက်စီးပွားရေးသို့ ပြောင်းလဲကျင့်သုံးလိုက်သည့်အတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတစ်ရှိန်ထိုးတိုးတက်ကာ ကမ္ဘာ့စီးပွားရေးတွင် အဓိကအခန်းမှပါဝင်သည့် နိုင်ငံဖြစ်လာရသည်။ သန်းပေါင်းများစွာသော ပြည်သူတို့ကိုလည်း ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်ခဲ့သည်။

အဓိကလုပ်ငန်း

တရုတ်နိုင်ငံ၏ အဓိကလုပ်ငန်းများမှာ သတ္တုတူးဖော်ခြင်း၊သတ္တုပြန်လည်ကျိုခြင်း(သံ၊ သံမဏိ၊ အလူမီနီယံနှင့် အခြားသောသတ္တုနှင့် ကျောက်မီးသွေး)၊ စက်တည်ဆောက်ခြင်း၊ အဝတ်အထည်၊ ရေနံလုပ်ငန်း၊ ဓာတ်မြေဩဇာ၊ ဓာတုဗေဒပစ္စည်းထုတ်လုပ်မှု၊ ဘိလပ်မြေ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေး ကိရိယာများ(မော်တော်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်အပါအဝင်)၊ ကြေးနန်းဆက်သွယ်ရေး ပစ္စည်းကိရိယာ၊ အာကာသယာဉ်များနှင့် ဂြိုဟ်တုများဖြစ်သည်။

လယ်ယာကဏ္ဍထွက်ကုန်များမှာ ဆန်၊ ဂျုံ၊ အာလူး၊ ပြောင်းဖူး၊ ဆေးရွက်ကြီး၊ ပဲပုပ်၊ မြေပဲ၊ လက်ဖက်၊ ဘာလီ၊ ပန်းသီး၊ ဝါဂွမ်း၊ ဝက်သား၊ ငါး စသည်တို့ဖြစ်သည်။

သဘာဝအရင်း အမြစ်များ

တရုတ်နိုင်ငံမှ သဘာဝအရင်းအမြစ်များမှာ ကျောက်မီးသွေး၊ သံသိုက်၊ ရေနံစိမ်း၊ ပြဒါး၊ ခဲမဖြူ၊ အဖြိုက်နက်၊ မင်းဂနိစ်၊မဂ္ဂနက်တိုက်၊အလူမီနီယမ်၊ခဲ၊ယူရေနီယံ၊ရေအားလျှပ်စစ်နှင့် ရွှေ ***(၂၀၀၇ခုနှစ်တွင် ကမ္ဘာပေါ်၌ ရွှေအများဆုံးထုတ်လုပ်နေသည့် တောင်အာဖရိကနိုင်ငံကို ကျော်လွန်ကာ တရုတ်နိုင်ငံက ကမ္ဘာ့ရွှေအများဆုံးထုတ်လုပ်သည့် နိုင်ငံအဖြစ် စံချိန်တင်လိုက်သည်။ မက်ထရစ်တန်ချိန် ၂၇၆တန် ထုတ်လုပ်နိုင်သည်။)***

ထို့ကြောင့်ပင် တရုတ်နိုင်ငံသည် ဆန်စပါးအများဆုံးထွက်သည့် ကမ္ဘာ့နိုင်ငံများတွင်ပါဝင်သည်။ ထို့ပြင်မက ဂျုံ၊ပြောင်း၊ ဆေးရွက်ကြီး၊ ပဲပုပ်၊ မြေပဲနှင့် ဝါဂွမ်းများ အများအပြားထွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စက်မှုနှင့် တွင်းထွက်ပစ္စည်းအများအပြားအထွက်သည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

သို့သော် စက်မှုကုန်ထုတ်လုပ်ငန်းအများအပြားတွင် ခေတ်မမီသည့် စက်ရုံများကို တစ်ဖက်တွင် အသုံးပြုနေရသေးသည်။ အလုပ်သမားနှင့်ဈေးနှုန်းစနစ်တို့တွင်လည်း ဖြေရှင်းရဦးမည့်ကိစ္စများ ရှိနေသည်။

မည်သို့ပင်ဖြစ်စေ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု အခြေအနေသည်အရှိန်လျော့သွားမည် မဟုတ်ကြောင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့(အိုအီးစီဒီ)၏အစီရင်ခံစာ၌ဖော်ပြသည်။

ထို့ပြင် ကမ္ဘာ့ခြားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကဲ့သို့သော ကမ္ဘာ့ရေးရာကိစ္စတို့တွင် ကမ္ဘာ့ဘဏ်အနေဖြင့် တရုတ်နိုင်ငံနှင့် ပိုမိုရင်းနှီးစွာပူးပေါင်းဆောင်ရွက်မည်ဟု ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌက ပြောကြားထားခဲ့သည်။ ။

သတင်းအက်ဆေး

တိုး – စုစည်းရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* **အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့တွင် ဇန်နဝါရီ၁၈ရက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဝန်ချီစက်ပြုတ်ကျခဲ့ရာ အလုပ်သမားတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။**

* အိုမန်နိုင်ငံ မူစကက်မြို့ကမ်းခြေ၌ ဇန်နဝါရီ၁၈ရက်က တန်၃၀ခန့်အလေးချိန်ရှိသော ဝေလငါးကြီးတစ်ကောင် ထူးဆန်းစွာ သေဆုံးနေသည်ကို ဒေသခံများတွေ့ရှိခဲ့သည်။

* **ဂျာမနီနိုင်ငံ မြူးနစ်မြို့တောင်ဘက် မိုင်၁၅၀ခန့်အကွာ ဒေသများတွင် ဇန်နဝါရီ၁၇ရက်က အအေးလှိုင်းကျရောက်ပြီး အပူချိန်ရေခဲမှတ်အထိကျဆင်းခဲ့ရာ ငါးဦးသေဆုံးခဲ့သည်။**

* ဇင်ဘာဘွေနိုင်ငံ မက်ဗင်ဂိုပြည်နယ် အလယ်ပိုင်းဒေသများ၌ ဇန်နဝါရီ၁၇ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ဒေသခံရာပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။

* **အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် တောင်ဘက်ကမ်းလွန်၌ ဇန်နဝါရီ၁၈ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၂ရှိ မြေငလျင်လှုပ်ခဲ့ရာ ငလျင်ဒဏ်ကြောင့် ဆူလာဝေစီပြည်နယ်ရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သည်။**

* တူရကီနိုင်ငံ အရှေ့တောင်ပိုင်း အာဒါဟန်ပြည်နယ်၌ ဇန်နဝါရီ၁၇ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ အချို့နေရာများတွင် ဆီးနှင်းထု လေးပေအထိရှိခဲ့သည်။

* **တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျန့်ပြည်နယ်ကမ်းလွန်၌ ဇန်နဝါရီ၁၇ရက်က ငါးဖမ်းစက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ငါးဖမ်းသမားခုနစ်ဦး ပျောက်ဆုံးနေသည်။**

* ဖိလစ်ပိုင်နိုင်ငံ ဘာတာနက်စ်ပြည်နယ် မြောက်ဘက်ကမ်းလွန်တွင် ဇန်နဝါရီ၁၇ရက်က ကုန်တင်သင်္ဘောတစ်စင်း မုန်တိုင်းမိပြီး နစ်မြုပ်ခဲ့ရာ သင်္ဘောသား၁၂ဦး ပျောက်ဆုံးလျက်ရှိသည်။ **(အောက်ပုံ)**

ကြိုဆိုနှုတ်ခွန်းဆက်စကား

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန်ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာ ဘန်ဒါဆရီဘီဂါဝန်မြို့ Istana Nurul Iman နန်းတော်ရှိ Green Room ၌ ကျင်းပသည့် ဂုဏ်ပြု ညစာစားပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အဆိုပါ ဂုဏ်ပြု ညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်နှင့် တော်ဝင်မိသားစုများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah နှင့် ဝန်ကြီးများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး၊ ဘရူနိုင်း ဒါရုဆလမ် နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန်ဟာဂျီ ဟာဆန်နယ်လ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုတောင်းပတ္ထနာပြုကာ မိမိတို့ အာဆီယံမိတ်ဆွေများအား လက်ခံတွေ့ဆုံရသည်မှာ မိမိတို့အတွက်အထူးပင်ဝမ်းမြောက်ပါကြောင်း၊ ယခု အဆွေတော်အား လက်ခံတွေ့ဆုံသည့်အခမ်းအနားသည် မိမိတို့အတွက် အထူး အရေးပါသည့် အခမ်းအနားတစ်ရပ် ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့နိုင်ငံကို ပထမဦးဆုံးလာရောက်သည့် ခရီးစဉ်ဖြစ်၍ မိမိတို့အစိုးရနှင့်ပြည်သူများက ဝမ်းမြောက်စွာကြိုဆိုပါကြောင်း။

ပိုမိုခင်မင်ရင်းနှီး

အဆွေတော်အနေဖြင့် ဘန်ဒါဆရီဘီဂါဝန်မြို့ကို လာရောက်သည့်အတွက် မိမိတို့နိုင်ငံနှင့် ပြည်သူများအား ပိုမိုခင်မင်ရင်းနှီးကျွမ်းဝင်မှုရှိကာ ဝမ်းသာပျော်ရွှင်စွာရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကိုလည်း လက်တွေ့မြင်တွေ့နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဘရူနိုင်းနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံကို လာရောက်ခွင့်ရတိုင်း မြန်မာနိုင်ငံပြည်သူများက ဧည့်ဝတ်ကျေပွန်မှုများကို ပြန်လည်ပေးဆပ်ခွင့်ရခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့ သံတမန် အဆက်အသွယ်ထူထောင်ခဲ့သည်မှာ ၁၅ နှစ်ခန့် ကြာခဲ့ပြီဖြစ်ကြောင်း၊ သံတမန်ထူထောင်ပြီး သက်တမ်းတစ်လျှောက် နှစ်နိုင်ငံဆက်ဆံရေးကို ပုဂ္ဂိုလ်ရေးခင်မင်ရင်းနှီးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုများသည် ကနဦးတွင် ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးများမှ အစပြုခဲ့ပါကြောင်း။

ဆက်လက်ဆောင်ရွက်

ဤသို့ ပူးပေါင်းဆောင်ရွက်ခွင့်ရရှိတဲ့အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဤအခြေခံကောင်းများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနေသည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် ပြည်သူများ၏စွမ်းရည် မြှင့်တင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါကြောင်း၊ သို့ဖြစ်ရာ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသည် မိတ်ဖက်နိုင်ငံများနှင့်နှစ်နိုင်ငံချင်း ဒေသဆိုင်ရာ အစီအစဉ်များအရ ကူညီနိုင်ရန် ကတိကဝတ်ထားရှိပါကြောင်း၊ အနာဂတ်ကာလတွင်လည်း ဤအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ဘရူနိုင်းနိုင်ငံတွင် လာရောက် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံသားများသည်လည်း မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်တို့အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ဂုဏ်ယူဝမ်းမြောက်

မိမိတို့နှစ်နိုင်ငံသည် ၁၀နှစ်ကျော်ကာလအတွင်းတွင် ဒေသတွင်း အဖွဲ့အစည်းများ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်အတွင်းက စင်ကာပူသမ္မတနိုင်ငံတွင် အာဆီယံပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ပိုမိုကောင်းမွန်

အာဆီယံ ပဋိညာဉ်စာချုပ်နှင့် စပ်လျဉ်း၍ လတ်တလောအနေဖြင့် အချက်နှစ်ချက်ကိုဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ပထမအချက်မှာ ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် အဖွဲ့ဝင်များအားလုံး၏ ကတိကဝတ်ကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းသည်အရှေ့တောင်အာရှအနေဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ပိုမိုအရေးကြီးပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ပဋိညာဉ်စာချုပ်သည် စီးပွားရေး ကဏ္ဍအတွက်သာမက နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးတိုးတက်မှုများအတွက် ပူးပေါင်း ဆောင်ရွက်နိုင်ရန် စုစည်းပေးခြင်းပင် ဖြစ်ကြောင်း၊ ပဋိညာဉ်စာချုပ်သည် အဖွဲ့ဝင်နိုင်ငံများအကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများသာမက အားလုံးနှင့်သက်ဆိုင်သောကိစ္စများနှင့် စပ်လျဉ်းသည့် အမြင်များ၊ အတွေ့အကြုံများ ဖလှယ်နိုင်ရေးအတွက် ပိုမိုကောင်းမွန်သော အခွင့်အရေးများပေးထားပါကြောင်း။

ဤသို့ ဆောင်ရွက်မည်ဆိုပါက အာဆီယံအသင်းကြီးသည် အနာဂတ်ကာလတွင် နိုင်ငံတကာအရေးကိစ္စများဆိုင်ရာ၌ ကုလသမဂ္ဂ၏ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရေးတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ကျေးဇူးတင်စကား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂုဏ်ပြုညစာစားပွဲတွင် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

(သတင်းစဉ်)

ပိုမိုခိုင်မာ

တစ်ချိန်တည်းမှာပင် လွန်ခဲ့သည့် ၁၅ နှစ်ကာလအတွင်း မိမိတို့အကြားတည်ရှိခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည့် အခွင့်အရေးများအားလုံးကို ရှာဖွေသွားကြရန်ဖြစ်ကြောင်း။

ဝမ်းမြောက်မိ

အဆွေတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် ဤအလားအလာကောင်းကို ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် အဆွေတော်အား ဘရူနိုင်းနိုင်ငံတွင် လက်ခံတွေ့ဆုံခွင့်ရသည်ကို ဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ လာရောက်လည်ပတ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အဆွေတော်၏ ဘရူနိုင်း နိုင်ငံခရီးစဉ်သည် ပျော်ရွှင်ချမ်းမြေ့သည့် ခရီးစဉ်ဖြစ်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်း အပ်ပါကြောင်းဖြင့် ပြောကြားသည်။

အကျိုးဖြစ်ထွန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဆွေတော်ဘုရင်မင်းမြတ်အနေဖြင့် မိမိဦးဆောင်သောမြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဧည့်ဝတ်ပျူငှာစွာ ကြိုဆိုမှုများအတွက် ကျေးဇူးဥပကာရတင်ရှိပါကြောင်း၊ သာယာလှပသည့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် ယခုခရီးစဉ်သည်နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ်ထွန်းစေပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်နိုင်ရေးအတွက် များစွာအထောက်အကူ ဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို ယခုကဲ့သို့ ခမ်းနားစွာ နိုင်ငံတော်ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံသည့်အတွက် အဆွေတော်ဘုရင်မင်းမြတ်အား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး ဆုတောင်းပတ္ထနာပြုသည်။

ယင်းနောက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်က နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်တွင် ဘရူနိုင်း ခေတ်ပေါ်တေးဂီတအဖွဲ့က တေးသံသာများဖြင့် သီဆိုတီးမှုတ်ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Empire Hotel& Country Clubသို့ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Defence and Army Attache, Colonel Ekachai Harnpoonvittaya၊ Naval Attache, Capt. Choomsak Nakwijit နှင့် Air Attache Group Capt. Cherdpong Iamsamut တို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

ကမ္ဘာ့စစ်တုရင်ချန်ပီယံဟောင်း ဘော်ဘီဖစ်ချာကွယ်လွန်

ကမ္ဘာ့စစ်တုရင် ချန်ပီယံဟောင်း ဘော်ဘီဖစ်ချာသည် အိုင်စလန်ကျွန်း၌ ဇန်နဝါရီ၁၇ရက်က နာမကျန်းဖြစ်ကာ ကွယ်လွန်သွားပြီဖြစ်သည်။ အသက် ၆၄နှစ်အရွယ်ရှိ ဘော်ဘီဖစ်ချာသည် မကြာခဏ နာမကျန်းဖြစ်နေခဲ့ပြီး ရက်အတန်ကြာ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စစ်တုရင်ချန်ပီယံဟောင်း ဘော်ဘီဖစ်ချာ

စစ်တုရင်ချန်ပီယံ

ဘော်ဘီဖစ်ချာသည် အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ၁၉၄၃ ခုနှစ်က မွေးဖွားခဲ့သူဖြစ်ပြီး အသက်၁၄နှစ်၌ အမေရိကန်စစ်တုရင် ချန်ပီယံဖြစ်ခဲ့သူ ဖြစ်သည်။

နာမည်ကျော်ကြား

အမေရိကန်နိုင်ငံ အသက်ငယ်ဆုံး စစ်တုရင်ချန်ပီယံလည်း ဖြစ်သည်။ ၁၉၇၂ခုနှစ်၌ ကမ္ဘာ့စစ်တုရင်ချန်ပီယံ ရုရှားနိုင်ငံသား ဘောရစ်စပါစကီအား အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့စစ်တုရင် ချန်ပီယံဖြစ်ခဲ့ကာ နာမည်ကျော်ကြားခဲ့သူဖြစ်သည်။ ကမ္ဘာ့စစ်တုရင်ချန်ပီယံဖြစ်ချိန်၌ အသက်၂၉နှစ်အရွယ် ဖြစ်သည်။

ကမ္ဘာ့စစ်တုရင်ချန်ပီယံဟောင်း ရုရှားနိုင်ငံသား ဂါရီကက်စပါရော့ဗ်က ဘော်ဘီဖစ်ချာသည် စစ်တုရင်ကစားရာ၌ အလွန်လျင်မြန်ထက်မြက်ပြီး တွေးခေါ်မှုအား အလွန်ကောင်းသူဖြစ်ကြောင်း ဂုဏ်ပြု မှတ်ချက်ပြုခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံရှိ Shell Petroleum သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ရက် နံနက်၉နာရီတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ Seria ဒေသရှိ ဘရူနိုင်း Shell Petroleum ရေနံမြေသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆောင်ရွက်နေမှု

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Oil and Gas Discovery Centre (OGDC) ညွှန်ကြားခန်းဆောင်၌ Deputy Managing Director Mr. Haji Zainal Abidin Hj Md Ali က ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ Seriaဒေသ၌ ၁၉၁၅ ခုနှစ်တွင် ရေနံစတင်တွေ့ရှိ၍ ယနေ့အထိ ရေနံတူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ OGDC မှ Deputy Managing Director က ပြန်လည် ရှင်းလင်းဖြေကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် OGDC Exhibition Hall သို့ သွားရောက်၍ ရေနံ စတင်တူးဖော်ခြင်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ရေနံတူးဖော်ရေးလုပ်ငန်း၏ မြေသားဖွဲ့စည်းမှုပြကွက်များ၊ ရေနံတွင်းတူးစင်နှင့် ဆက်စပ်ပစ္စည်း ပြကွက်များနှင့် Electricity Exhibition ၏ ပြကွက်များကို ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်ဝန်ကြီးများ၊ OGDC မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်သည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် Seria Crude Oil Terminal (SCOT) သို့ ရောက်ရှိကြပြီး ညွှန်ကြားခန်းဆောင်၌ Hydrocarbon Processing မှ Asset Manager Haji Mohammad bin Haji Jaya နှင့် Brunei Shell Petroleum Co. SDN. BHD မှ Head of Operations(SCOT) ဖြစ်သူ Mr. Henny Reerink တို့က ရေနံစိမ်းထုတ်လုပ်မှုနှင့် ရေနံချက်လုပ်မှုလုပ်ငန်းစဉ်များ၊ ရေနံသိုလှောင်ကန်များဖြင့် သိုလှောင်ရရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် အလားအလာများကို ရှင်းလင်းပြောကြားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ Mr. Henny Reerink က ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Computer Control ခန်းကို ဝင်ရောက်ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Seria Crude Oil Terminalရှိ ရေနံစိမ်းချက်စက်ရုံ၊ ရေနံသိုလှောင်ကန်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ညွှန်ကြားခန်းမ၌နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား Asset Manager, Haji Mohammad bin Haji Jaya က အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

အမှတ်တရဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၊ SCOT မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်သည်။

တည်ခင်းဧည့်ခံ

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘရူနိုင်း Shell Recreation Clubရှိ Cendrawasih Ballroom၌ ဘရူနိုင်း Shell Petroleum က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာ စားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား Deputy Managing Director, Mr. Haji Zainal Abidin Hj Md Ali က အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အမှတ်တရလက်ဆောင်ပြန်လည်ပေးအပ်သည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် Empire Hotel & Country Clubသို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညနေ ၃ နာရီခွဲတွင် Empire Hotel & Country Club ပဉ္စမထပ်ရှိ အစည်းအဝေးခန်းမ၌ ဘရူနိုင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (Brunei Economic Development Board-BEDB) နှင့် တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Honourable Pehin Haji Suyoi၊ BEDB ခေတ္တဥက္ကဋ္ဌ Dato Paduka Timothy Ong၊ Sungai Liang Authority ဥက္ကဋ္ဌ Yam Pengiran Kerma Jaya Pengiran Kamareu Zaman နှင့် အဖွဲ့ဝင်များ၊ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါလာကြသော စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား BEDB ခေတ္တဥက္ကဋ္ဌ Dato Paduka Timothy Ong က ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နိုင်ငံခြားနှင့် ဖက်စပ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ BEDB ခေတ္တဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က BEDB ခေတ္တဥက္ကဋ္ဌအား အမှတ်တရ လက်ဆောင်ပစ္စည်းကို ပေးအပ်ပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ Seria ဒေသ ဘရူနိုင်း Shell Petroleum ရေနံမြေရှိ OGDC Exhibition Hall တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ Seria Crude Oil Terminal (SCOT) မှ တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား Oil and Gas Discovery Center (OGDC) Deputy Managing Director, Mr. Haji Zainal Abidin Hj Md Ali ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းသား ကျောင်းသူများအား အင်္ဂလိပ်စာ နားလည်တတ်ကျွမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားကာ ကွန်ပျူတာနှင့် ဘက်ထရီနှစ်လုံးဝယ်ယူရန် ငွေကျပ်ရှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မယ်စဲ့မြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

လက်တွဲကြိုးပမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မယ်စဲ့မြို့ရှိ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသများ အေးချမ်းသည်နှင့်အမျှ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ဒေသခံ တိုင်းရင်းသားများအနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လက်တွဲကာ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအောင်မြင်ရေးအတွက် ကြိုးပမ်းကြစေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဖားဆောင်းမြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည်ဘော်လခဲမြို့ဘုရင့်နောင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည်ရှားတောမြို့သို့ရောက်ရှိကြပြီး ရှားတော အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှားတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၀၈(စနေနေ့)

AM & PM

၇း၀၀ – ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅	**'လမ်းနှစ်သွယ်'** တရားတော် (ဆရာတော်အရှင်ပညာနန္ဒ)
၈း၀၀ – ၂း၀၀	ဆောင်းလခါမီ ဒါနဝေစည် တူညီဆင်နွှဲ၊ ဆွမ်းလောင်းပွဲ
၈း၁၅ – ၂း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ – ၂း၄၅	စဥ့်ကူးမြို့မှ အလင်းအိမ်
၉း၀၅ – ၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀ – ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ – ၃း၂၀	Cartoon Show Time (Flushed Away)
၉း၅၅ – ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ – ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ – ၄း၀၅	မှိုအသားမျှင်တစ်သျှူး မျိုးပွားနည်း
၁၀း၂၅ – ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ – ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ – ၄း၃၅	အင်းမရိုးရာ ရက်ကန်းချည်ထည်
၁၀း၅၀ – ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ – ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ – ၅း၀၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၁း၂၀ – ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ – ၅း၂၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)
၁၁း၅၅ – ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ – ၆း၀၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးပါးနီ အသားလွှာပေါင်း)
၁၂း၁၅ – ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ – ၆း၂၀	မိဂဒါဝုန် မြန်မာကျောင်းတိုက် နှစ်(၁၀၀)ပြည့်ခရီး
၁၂း၄၀ – ၆း၄၀	Apex Snooker and Pool Centre ဖွင့်ပွဲအခမ်းအနား
၁၂း၅၅ – ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ – ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Reading-Man Utd	ESPN (Live)
	Fulham-Arsenal	Star Sports (Live)
၁၁း၄၀	Newcastle-Bolton	Star Sports (Live)
၁၂း၀၀	Birmingham-Chelsea	ESPN (SDD)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Fiorentina-Torino	5-Cartoons (Live)

မင်းဘူးခရိုင်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ (၅၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ပန်းတိမ်း၊ ငဖဲမြို့နယ်များမှ ရန်ကုန်ရောက် မင်းဘူးခရိုင်အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ထို့ပြင် မင်းဘူးခရိုင်အသင်း(ရန်ကုန်)မှ အသက်(၇၅နှစ်)ပြည့်သူ အဘိုးအဘွားများ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ အလှူဒါန ပါဝင်လှူဒါန်းလိုသူများသည် ဦးဝင်းဖေ (ဆောက်/လျှပ်) ဖုန်း–၇၀၄၇၉၆နှင့် ဒေါ်ခင်စိန်ဝင်း ဖုန်း–၅၆၀၆၁၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

ပြည်တွင်းနှင့် နိုင်ငံတကာမြင်ကွင်းများကိုခံစားရမည့် ပန်းချီခရီးသည်

အနုပညာမြင်ကွင်း - မိုးမြင့်လင်းလက်၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၈

ခရီးသွားတိုင်း စာရေးဖြစ်၊ ပန်းချီရေးဖြစ်တယ်လို့ ပြောကြားတဲ့ ပန်းချီလှတင်ထွန်းရဲ့ ပန်းချီခရီးသည်လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းမှာရှိတဲ့ သမ္မတဟိုတယ် ပထမထပ်မှာ ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ခင်းကျင်းပြသနေပြီဖြစ်ပါတယ်။

စတုတ္ထမြောက်

ဒီပန်းချီပြပွဲဟာ ပန်းချီလှတင်ထွန်းရဲ့ စတုတ္ထမြောက် ပန်းချီပြပွဲဖြစ်ပြီး စုစုပေါင်း ပန်းချီကား ၇၈ ကားကို ခင်းကျင်းပြသထားပါတယ်။ ဆီဆေးပန်းချီကား ၄၀ နဲ့ ရေဆေး ၃၈ ကား ပါဝင်ပြီး ပန်းချီကားတွေအားလုံးဟာ မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားက ရှုခင်းတွေပါဝင်သလို ပြင်သစ်၊ အီတလီ၊ ဗြိတိန်နဲ့ တရုတ်နိုင်ငံတွေရဲ့ မြင်ကွင်းပန်းချီကားတွေလည်း ပါဝင်ပါတယ်။

ပြောင်မြောက်

ဆိုက်ကြီးပန်းချီကားတွေဖြစ်ပြီး လက်ရာကလည်း ပြောင်မြောက်လွန်းတာမို့ ပန်းချီကားတစ်ချပ်ချင်းရဲ့ အရည်အသွေးမြင့်မားမှုကို စူးစူးရှရှ မြင်တွေ့ခံစားရပါတယ်။ ပန်းချီပြခန်းမှာ ပြသထားတဲ့ **“နေပြည်တော် မီးပုံးပျံပွဲတော်”**လို့ အမည်ပေးထားတဲ့ ၄ ပေ x ၆ပေ ဆီဆေးပန်းချီကားကြီးကတော့ နေပြည်တော်မြို့တော်ခန်းမရှေ့မှာ ပြီးခဲ့တဲ့ တန်ဆောင်မုန်း လပြည့်နေ့ည မီးထွန်းပွဲတော်ကျင်းပနေပုံ မြင်ကွင်းကျယ်ရေးဆွဲထားတဲ့ပုံဖြစ်ပါတယ်။ ညအမှောင်နောက်ခံအနက်၊ နေပြည်တော် မြို့တော်ခန်းမအဆောက်အအုံ၊ မီးပုံးပျံနဲ့ လျှပ်စစ်မီးတွေ ထိန်ထိန်လင်းနေတဲ့ မီးပုံးပျံပွဲတော်ရှုခင်းဟာ ပြည့်ပြည့်ဝဝ သာနေတဲ့လကြောင့် သဘာဝဆန်ပြီး မီးပုံးပျံပွဲတော်ရဲ့အလှကို ဆွတ်ပျံ့နေအောင် ခံစားရပါတယ်။

ဒီပန်းချီပြပွဲမှာ ထူးခြားတာက ပြင်သစ်နိုင်ငံ ပါရီမြို့မှာရှိတဲ့ ပြင်သစ်အကယ်ဒမီ၊ နန်းတော်လေးပြတိုက်၊ နော်တရာဒန်ဘုရားကျောင်း၊ ရိုဒန်ပြတိုက်အတွင်းက ကမ္ဘာကျော်ပန်းပုရုပ်တုစတဲ့ ပန်းချီကားတွေပဲဖြစ်ပါတယ်။ ပါရီမြို့မှာရှိတဲ့ အဲဒီအဆောက်အအုံတွေရဲ့မြင်ကွင်းကို ၁၉၈၄နဲ့ ၁၉၈၅ ခုနှစ်တွေမှာ ပါရီမြို့ကိုရောက်ရှိစဉ် ပန်းချီလှတင်ထွန်း ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။

အဲဒီပန်းချီကားတွေထဲက **“လေဇင်ဗားလစ်အဆောက်အအုံ”** ပန်းချီကားတွေကတော့ တစ်ချိန်က ကမ္ဘာကျော်ခဲ့တဲ့ နပိုလီယံရဲ့ရုပ်ကလာပ်ထားရှိရာ အဆောက်အအုံပုံကို ရေးဆွဲထားတာဖြစ်ပါတယ်။ ပါရီမြို့ရဲ့ ရာသီဥတုကို အဖြူရောင်လွှလွှ၊ အဆောက်အအုံ၊ သစ်ပင်၊ လူတွေရဲ့ပုံရိပ်တွေကို အအေးရောင်အုပ်စုဖြစ်တဲ့ အပြာနုရောင်၊ အဖြူရောင်တွေ အားတွေနဲ့သုံးပြီး ခြယ်မှုန်းထားတာဟာ မြူနှင်းတွေဝေ့ဆိုင်းနေတာမို့ လွမ်းမောစရာ ကောင်းပါတယ်။

ပန်းချီခရီးသည် ပန်းချီပြပွဲနှင့် ပတ်သက်၍ ပန်းချီလှတင်ထွန်းက မြန်မာ့အလင်းသို့ ဤသို့ ရှင်းပြခဲ့သည်။

နေပြည်တော် မီးပုံးပျံပွဲတော်

ပန်းချီဆရာ လှတင်ထွန်း ရေးဆွဲထားသော နေပြည်တော် မီးပုံးပျံဟု အမည်ပေးထားသည့် ဆီဆေးပန်းချီကားက မီးပုံးပျံပွဲတော်၏အလှကို ဆွတ်ပျံ့နေအောင် ခံစားရသည်။

ရောမမြို့တော်

နောက်ထပ်ပန်းချီကားကတော့ အီတလီနိုင်ငံ ရောမမြို့မှာရှိတဲ့ ရောမမြို့ဟောင်းရဲ့သက်တမ်းရင့်အဆောက်အအုံတစ်ခုရဲ့ ပုံရိပ်ကိုဖော်ပြထားတဲ့ **“ရောမမြို့ဟောင်းတစ်နေရာ”**လို့ အမည်ပေးထားတဲ့ ရေဆေးပန်းချီကားပဲဖြစ်ပါတယ်။ ရောမမြို့လယ်မှာရှိတဲ့ ရှေးဟောင်း အဆောက်အအုံတစ်ခုရဲ့ သက်တမ်းရင့်အနေအထားကို ရောမခေတ်လက်ရာတွေပေါ်အောင် အစိမ်းဖျော့ဖျော့၊ အဝါရောင်ပါးပါး၊ အပြာနုနုတွေနဲ့ အရောင်ပေါင်းစပ်မှုဟန် ချက်မျှအောင် ရေးဆွဲထားနိုင်တာမို့ ရောမမြို့လယ်မှာရှိတဲ့ သက်တမ်းရင့် အဆောက်အအုံဟာ ကြည့်သူကို သတိပြုမိစေလောက်အောင် ဆွဲဆောင်အားကောင်းလွန်းပါတယ်။

ပီပီပြင်ပြင်

ပန်းချီလှတင်ထွန်းရဲ့ နောက်လက်ရာ တစ်ခုကတော့ **“လန်ဒန်အမျိုးသား ပြတိုက်”** လို့ အမည်ပေးထားတဲ့ ရေဆေးပန်းချီကားပါပဲ။ လန်ဒန်မြို့မှာရှိတဲ့ အမျိုးသားပြတိုက်ရဲ့ရှေ့မျက်နှာစာမြင်ကွင်းကို အဝေးရှုထောင့်က နေပြီး ခြယ်မှုန်းထားတာဖြစ်ပါတယ်။ နှင်းတွေဝေနေတဲ့ လန်ဒန်အမျိုးသား ပြတိုက်၊ လန်ဒန်မြို့မှာပြေးဆွဲနေတဲ့ ဘတ်စ်ကားတွေ၊ လှုပ်ရှားသွားလာနေတဲ့လူတွေရဲ့ အနေအထားကို အအေးအုပ်စုအရောင်တွေနဲ့ အလင်း၊ အရောင်အားတွေယူပြီး လက်စွမ်းပြထားတာဟာ တကယ့်ကို ပီပီပြင်ပြင်ရှိလှပါတယ်။

ခံစားနိုင်

နိုင်ငံတကာကိုရောက်ခဲ့တဲ့ ပန်းချီလှတင်ထွန်းဟာ ရောက်ရှိခဲ့တဲ့ နိုင်ငံတွေရဲ့မြင်ကွင်းနဲ့ ရှုခင်းတွေကို ပန်းချီကားအဖြစ် ရေးဆွဲ မှတ်တမ်းတင်ခဲ့တာကြောင့် လာရောက်ကြည့်ရှုသူတွေအတွက်ကတော့ ပြည်တွင်းမှာသာမက နိုင်ငံတကာက မြင်ကွင်းပုံရိပ်တွေကို တစ်နေရာတည်းမှာ ခံစားကြည့်ရှုနိုင်တဲ့ အခွင့်အရေးရနိုင်တာမို့ **“ပန်းချီခရီးသည်”** ပန်းချီပြပွဲကို သွားရောက်လေ့လာခံစားသင့်ပါကြောင်း သတင်းစကား ပါးလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

ပန်းချီလှတင်ထွန်း ပါရီမြို့ကို ရောက်ရှိစဉ်က ရေးဆွဲခဲ့သော လေဇင်ဗားလစ် အဆောက်အအုံ ရေဆေးပန်းချီကားက လက်ရာမြောက်လှသည်။

ကျေးရွာစာကြည့်တိုက်များအတွက်စာအုပ်လှူဒါန်း စာကြည့်တိုက်များရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဝန်ထမ်းများ တွေ့ဆုံပွဲကို ဇန်နဝါရီ၁၃ရက် နံနက် ၁၀နာရီခွဲက ကျိုင်းတုံမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကျိုင်းတုံမြို့နယ် နောင်ကုန်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် နောင်ကုန်ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးစိုင်းတစ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းကြသည်။ ဇန်နဝါရီ၁၂ရက်တွင် ကျိုင်းတုံမြို့နယ် အတွင်းရှိ ဂျိုးဖြူကျေးရွာ ပညာ့အလင်း စာကြည့်တိုက်၊ မိုင်းဇင်(အောက်)ကျေးရွာ ပျော်ရွှင်စရာ လူငယ်ကမ္ဘာ စာကြည့်တိုက်တို့ကိုလည်းကောင်း၊ ဇန်နဝါရီ၁၃ရက်တွင် ဝမ်လင်ကျေးရွာစာကြည့်တိုက်၊ ကျိုင်းကာကျေးရွာစာကြည့်တိုက်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစာကြည့်တိုက်များအတွက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က စာအုပ်စာစောင်များ လှူဒါန်းပေးပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ခိုင်မာရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း မှုခင်းသတင်း

၄၁သိန်းဖိုးခန့် လက်ဝတ်ရတနာများခိုးယူခံရ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် ၃၅/ဘီ အခန်း ၃/အေ ဒုတိယထပ် (ဝဲ)ခန်းနေ ဦးသန့်ဇင်မျိုး Mitsubishi ကုမ္ပဏီမှ ဒုတိယမန်နေဂျာနှင့် ဇနီး ဒေါ်ခိုင်ဇာဝေတို့သည် ဇန်နဝါရီ ၁၃ရက် နံနက်က နေအိမ်အခန်းတံခါးများ သော့ခတ်ပြီး ပြင်ပသို့ သွားရောက်ခဲ့သည်။ ဇန်နဝါရီ၁၅ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဒေါ်ခိုင်ဇာဝေသည် နေအိမ်အခန်းသို့ပြန်ရောက်ခဲ့ရာ အခန်းတံခါးနှင့် ဗီရိုများပွင့်နေပြီး စိန်နားကပ်တစ်ရံ၊ စိန်လက်စွပ်သုံးကွင်း၊ စိန်လည်ဆွဲတစ်ကုံး၊ ရွှေလက်ကောက် နှစ်ကွင်း၊ ပတ္တမြားလက်စွပ်နှစ်ကွင်း၊ ကျောက်စိမ်းလက်စွပ် နှစ်ကွင်းနှင့် အမျိုးသမီးပတ်နာရီတစ်လုံး စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၄၁သိန်းခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးသန့်ဇင်မျိုး၏ တိုင်ကြားချက်အရ ဗဟန်းရဲစခန်းမှ ဇန်နဝါရီ ၁၆ရက်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိသည်။

အလုပ်သမားတစ်ဦး ကြိတ်စက်ညပ်၍သေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ချယ်ရီလမ်း အမှတ် ၁၀၄/၁၀၅ ရှိ ဒန်ပြားစက်ရုံတွင် ဇန်နဝါရီ ၁၆ ရက် ညနေ ၅ နာရီခွဲခန့်က စက်ထိုးဆရာ မောင်ဇော်မျိုးထွန်း(၂၁)နှစ် (ဘ) ဦးမြတ်သူသည် ၎င်းအလုပ်လုပ်နေသည့် ဒန်ပြားအကြမ်းကြိတ်စက်အတွင်း ညပ်မိ၍ ယာလက်ကျိုးကြေ၊ ယာမျက်ခုံးပေါက်ပြဲနှင့် ခန္ဓာကိုယ် ပွန်းပဲ့ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည်။ စက်ရုံတာဝန်ရှိသူများက အလောင်းကို မြောက်ဥက္ကလာပ ဆေးရုံသို့တင်ပို့ခဲ့ရာ ဆေးရုံမှ အလောင်းအမှတ် ပီအာရ်–၃၄ ဖြင့် လက်ခံခဲ့ပြီး သေဆုံးရသည့် အကြောင်းရင်းမှန်ကို သိရှိရန် ရွှေပေါက်ကံရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၃/၂၀၀၈ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

စမ်းချောင်း၌အမျိုးသမီးတစ်ဦး ဓားထိုးခံရ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဖေယျာဝတီလမ်း အမှတ် ၁၉/၂၃ ဘီ/၆ တွင် တစ်ဦးတည်းနေထိုင်သည့် မခင်အေးရွှေ(ခ)ဂွမ်းပုံ (၂၅)နှစ် (ဘ)ဦးထွန်းရွှေသည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က ဓားဒဏ်ရာများဖြင့် လဲကျမေ့မြောနေသည်ကို ဝန်းကျင်နေ မိတ်ဆွေများက တွေ့ရှိ၍ စမ်းချောင်းရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းတွင် ရင်ဘတ်၌ပွန်းပဲ့ဒဏ်ရာနှစ်ချက်၊ ဝဲဘက်နို့အုံတွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ လည်ပင်းတွင် ပွန်းပဲ့ဒဏ်ရာ တစ်ချက် စသည့်ဒဏ်ရာများ ပြင်းထန်စွာရရှိထားသည်ကိုတွေ့ရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စမ်းချောင်းရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။

(သတင်းစဉ်)

လိုအပ်သောပစ္စည်းများ နေရာဒေသအနှံ့ သွားရောက်စရာမလို တစ်နေရာတည်းတွင် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်သော

နေပြည်တော်မြို့မဈေးမြင်ကွင်း

သတင်းမြင်ကွင်း–သူရဇော် ဓာတ်ပုံမှတ်တမ်း–ညီညီထွန်း(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု–ထိန်လင်း

နေပြည်တော် ဇန်နဝါရီ ၁၈

သင့်အနေဖြင့် တစ်နေရာတည်း၊ တစ်ထိုင်တည်းဖြင့်လုပ်ငန်းဆောင်တာများကို ပြီးမြောက်စေမည့် နေရာဌာနမျိုးကို ယခင်က အိပ်မက်စိတ်ကူးဖြင့် အကောင်အထည် ဖော်ကြည့်မိပါလိမ့်မည်။ ၎င်းအိပ်မက်ထဲ ခေတ်မီဈေးဆိုင်ခန်းများ၊ ပွဲရုံများ၊ အဝေးပြေး ယာဉ်ရပ်နားစခန်း၊ စားသောက်ဆိုင်တန်းနှင့် သင်၏ ကိုယ်ပိုင်လုပ်ငန်းဆောင်တာများအတွက် လိုအပ်သည်များကို ပြည်နယ်နှင့်တိုင်းအနှံ့ သွားရောက်စုစည်းဝယ်ယူခြင်း ဒုက္ခများကင်းဝေးပြီး အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်သော နေရာမျိုးကို ရှာဖွေနေခဲ့ပါက ယင်းနေရာကို စိတ်ကူးအိပ်မက်မဟုတ်ဘဲ ယခုလက်တွေ့ သင်ကိုယ်တိုင် လုပ်ကိုင်နိုင်သော နေပြည်တော်မြို့မဈေးကို ခေါ်ဆောင်သွားရပါလိမ့်မည်။

သန့်ရှင်းသပ်ရပ်ပြီး လှပခံ့ညားသော ဈေးဆိုင်ခန်းများ၊ ပွဲရုံတန်းများ၊ အဝေးပြေး ခရီးသည်ပို့ဆောင်ရေးစခန်းများဖြင့် ကြီးမားကျယ်ပြန့်စွာ တည်ဆောက်ထားသော မြို့မဈေးသည် အဝတ်အထည်၊ စားသောက်ကုန်မှစ၍ ကားအပိုပစ္စည်းများ၊ ကွန်ပျူတာပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ မြန်မာပြည်ရှိ မည်သည့်ဈေးများနှင့်မတူ အဘက်ဘက်က လိုလေသေးမရှိ သင့်စိတ်တိုင်းကျ ဝယ်ယူနိုင်ပြီး လိုအပ်သော ပစ္စည်းများကို နေရာဒေသအနှံ့ သွားရောက်စရာ မလိုဘဲ မိမိစိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်သော ဈေးကိုပြပါဆိုလျှင် နေပြည်တော်မြို့မဈေးကို ပြသရပါလိမ့်မည်။ နေပြည်တော်မြို့မဈေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

လိုချင်တာတွေအကုန်လုံးတစ်နေရာတည်းမှာ ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်သော နေပြည်တော်မြို့မဈေး၏ အုပ်ချုပ်ရေးမှူး ဦးမင်းလွင်စိုးက **"နေပြည်တော်မြို့မဈေးမှာ ဆိုင်ခန်း RC ၂၀၀ကျော်၊ ပုံကျဈေးဆိုင်ခန်းပေါင်း ၅၀၀ကျော်၊ ကုန်စိမ်းတန်းများ၊ ပွဲရုံတန်းများနဲ့ အဝေးပြေးယာဉ်ရပ်နားစခန်း၊ စားသောက်ဆိုင်ခန်းများကိုပါ တွဲဖက်ပါဝင်ပါတယ်။ ဒါ့အပြင် ဒီဈေးမှာထူးခြားတာက ရန်ကုန်အခွန်လွတ်ဈေး ပုံစံမျိုး မိမိရောင်းချလိုတဲ့ ကုန်ပစ္စည်းကို ဦးရာလူစနစ်ဖြင့် ပုံကျဈေးဆိုင်ခန်းများတွင် ခင်းကျင်း ရောင်းချနိုင်ရန်အတွက် စီစဉ်ပေးထားပါတယ်။ ပုံကျ ဈေးဆိုင်ခန်းတွေ စည်ပင်သာယာအခွန် ကျပ်၁၀၀ ပေးဆောင်ပြီး ရောင်းချနိုင်ပါတယ်။ မြို့မဈေးအတွင်း အဝေးပြေးယာဉ်ရပ်နားစခန်းပါ တည်ရှိတဲ့အတွက် ဒေသအသီးသီးက ထွက်ကုန်ပစ္စည်းများဟာ ဒီကိုဝင်ရောက်တဲ့အတွက် ကုန်စည်ဖလှယ်ရောင်းဝယ်မှုဟာလွယ်ကူပြီး အဝေးပြေးယာဉ်များ ပြုပြင်ထိန်းသိမ်းဖို့ ကားပြင်ရုံတွေနှင့်ကားအပိုပစ္စည်းများကို အလွယ်တကူ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်။ ဒီဈေးမှာ နောက်ထပ် ထူးခြားတာတစ်ခုက ညနေ ၃နာရီမှ ည၁၀နာရီအထိ ခင်းကျင်းရောင်းချပေးတဲ့ ညဈေးတန်းတစ်ခုရှိပါတယ်။ ၎င်းဈေးတန်းဟာ ညနေပိုင်းရုံးအဆင်းမှာ ဝန်ထမ်းများအလွယ်တကူ မိမိအသုံးလိုတဲ့ ပစ္စည်းများ၊ စားသောက်ကုန်များကိုဝယ်ယူနိုင်သည့်အပြင် နေရပ်ဒေသကိုပြန်မည့်သူများကလဲ အလွယ်တကူ ဝယ်ယူနိုင်ပါတယ်။ တချို့တော်တော်များများဟာ ဒီကနေ အိမ်ပြန် လက်ဆောင်များကို ဝယ်ယူသွားကြပါတယ်။ ဒီဈေးမှာ တခြားဈေးတွေမှာ မရှိတဲ့ High mark များကို ထွန်းထားပါတယ်။ ဒီမြို့မဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချချင်တယ် ဆိုရင် ဈေးများဌာနမှာ လျှောက်လွှာတင်ပြီး ရောင်းချနိုင်ပါတယ်။ အမှန်တကယ် ရောင်းချမယ့်သူများကို နေရာချထားပေးပါတယ်။ ဈေးရုံကြီးကို နံနက်၇နာရီကနေ ည၇နာရီခွဲအထိ ဖွင့်လှစ်ရောင်းချပေးပါတယ်။ ကျွန်တော်တို့ဈေးကို အမြဲသန့်ရှင်းသာယာစေဖို့အတွက် သန့်ရှင်းရေး လုပ်ငန်းတွေကို နေ့ဆိုင်း၊ ညဆိုင်းခွဲကာ ပြုလုပ်ဆောင်ရွက်လျက် နည်းတူ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းတံတွေး ထွေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်မှုများကိုလဲ ဒဏ်ငွေများ ပေးဆောင်စေခြင်းဖြင့် အစဉ်အမြဲသန့်ရှင်းသာယာနေအောင် စီစဉ်ထားပါတယ်"** လို့ မြန်မာ့အလင်းသို့ ပြောကြားသွားပါတယ်။

ရန်ကုန်က ဆိုင်အတိုင်း ဈေးနှုန်းနှင့် ပစ္စည်း အရည်အသွေးကောင်းများကို ခင်းကျင်းရောင်းချပေးနေပါတယ်။ **ချယ်ရီဦးနာရီဆိုင် တာဝန်ခံ ဦးဇော်နိုင်**

ဆိုင်ဖွင့်ထားတာ ငါးလကျော်သွားပါပြီ။ အရောင်းအဝယ် ကောင်းပါတယ်။ **အိန်ဂျယ်လ်စတိုးမှ ဦးမြတ်ခိုင်**

ဦးရာလူစနစ်ဖြင့် ပုံကျဈေးဆိုင်ခန်းများတွင် ခင်းကျင်းရောင်းချနိုင်ရန်အတွက် စီစဉ်ပေးထားပါတယ်။

နေပြည်တော်မြို့မဈေး အုပ်ချုပ်ရေးမှူး ဦးမင်းလွင်စိုး

လူသုံးကုန်ပစ္စည်းများရောင်းချရန် ခင်းကျင်းထားသည်ကို တွေ့ရစဉ်။

နေပြည်တော်မြို့မဈေး အတွင်း လာရောက်ရောင်းချပေးနေတဲ့ ချယ်ရီဦး နာရီဆိုင်က တာဝန်ခံဦးဇော်နိုင်ကလည်း **"ကျွန်တော်တို့ ဒီမှာ ရန်ကုန်က ဆိုင်အတိုင်း ဈေးနှုန်းနှင့်ပစ္စည်းအရည်အသွေး ကောင်းများကို ခင်းကျင်းရောင်းချပေးနေပါတယ်။ နေပြည်တော်မြို့မဈေး အပြင် နေပြည်တော်ပျဉ်းမနား ဈေးထောင့်နားမှာလဲ ဆိုင်ခွဲတစ်ခုဖွင့်လှစ်ပေးထားပါတယ်။ နေပြည်တော်မြို့မဈေးမှာ ရောင်းချပေးနေတဲ့ နာရီများကို ရန်ကုန်က ဈေးအတိုင်းရောင်းချပေးနေပါတယ်။ Promotion အစီအစဉ်များကိုလဲ စီစဉ်ပေးထားပါတယ်"** လို့ မြန်မာ့အလင်းသို့ ပြောကြားသွားပါတယ်။

ဆက်လက်ပြီး လူသုံးကုန်ပစ္စည်းများ ရောင်းချပေးနေတဲ့ အိန်ဂျယ်လ်စတိုးက ဦးမြတ်ခိုင်ကလည်း **"ဒီမှာ ဆိုင်ဖွင့်ထားတာ ငါးလကျော်သွားပါပြီ။ အရောင်းအဝယ် ကောင်းပါတယ်။ ဒီရာသီမှာ မင်္ဂလာဆောင်တွေကလဲ ရှိတော့ ပိုပြီးရောင်းကောင်းပါတယ်။ ဒီမှာဆိုင် ခန်းအတွက် စည်ပင်သာယာ ကြေးငွေ ကျပ် ၁၀၀၀၀ပဲ ပေးရပါတယ်။ ကျွန်တော့်ဆိုင်အတွက် လိုအပ်တဲ့ ကုန်ပစ္စည်းများကို မန္တလေးကတင်သွင်းပါတယ်။ ကျွန်တော်တို့က ဒီဇာတိသားတွေမဟုတ်ပါဘူး၊ အမေက ဒီမှာတာဝန်ကျတော့ အတူလာနေရင်း ရောင်းချဖြစ်သွားပါတယ်။ ဒီမှာက ရန်ကုန်မှာထက် ပိုပြီး အဆင်ပြေပါတယ်။ အချိန်ကုန်သက်သာစေတဲ့အပြင် ဆက်သွယ်သွားလာမှုကလဲမြန်တော့ ကုန်စည်ရောင်းချရတာ ပိုပြီးအဆင်ပြေပါတယ်"** လို့ မြန်မာ့အလင်းသို့ ပြောကြားသွားခဲ့သည်။

ဆက်သွယ်ကူးသန်းရောင်းဝယ်မှု လွယ်ကူစေပြီး မိမိတို့၏ ကုန်ပစ္စည်းများကို မြန်မာပြည်အနှံ့ ဖြန့်ဖြူးပေးရာတွင် ပိုမိုမြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် ရောင်းဝယ်ဖောက်ကားနိုင်သော မြန်မာပြည်ရဲ့ စံပြဈေးတစ်ခုဖြစ်တဲ့ နေပြည်တော်မြို့မဈေးတွင် လာရောက်လေ့လာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေဖို့အတွက် လေ့လာတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အရည်အသွေးကောင်း နာရီများကို ဤသို့ ခင်းကျင်းပြသထားသည်။

နေပြည်တော်မြို့မဈေး၏ ညဈေးတန်း ခင်းကျင်းရောင်းချရန် ပြင်ဆင်နေသည်ကို ဤသို့တွေ့ရသည်။

ဆုချီးမြှင့်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ၄ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာဥ်ကျင်းပရာ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထွေးကျင်က ပထမဆုရကလေးငယ်အား ဆုချီးမြှင့်စဉ်။ (၁၂၄)

ချီးမြှင့်ဝတ်ဆင်

ပန်းဘဲတန်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရကျောင်းသူ မမေသော်တာမောင်ကြီးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမေက ရွှေလက်စွပ် ချီးမြှင့် ဝတ်ဆင်ပေးစဉ်။ (က-ပ)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ အလှူရှင်ဆရာ ဦးအောအောညွန့်-ဆရာမဒေါ်အေးအေးမြင့်မိသားစုနှင့် တပည့်ကျောင်းသား ကျောင်းသူများက စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၈ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ အနုမောဒနာရေစက်ချ တရားနာယူပြီး ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၇၁)

ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မန္တလေးတိုင်း ပြေးခုန်ပစ်အသင်းအား

တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ အောင်နိုင်ရေးအလံအပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၁၈

(၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်း ပြေးခုန်ပစ်အသင်းအား အောင်နိုင်ရေးအလံနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်အမှာစကား ပြောကြားသည်။

အောင်နိုင်ရေးအလံပေးအပ်

ထို့နောက် မန္တလေးတိုင်း ပြေးခုန်ပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးကမန္တလေးတိုင်း ပြေးခုန်ပစ်အသင်း အောင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံကို မန္တလေးတိုင်း ပြေးခုန်ပစ်ဆပ်ကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လွင်ထံ ပေးအပ်သည်။ **(ယာပုံ)** ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အဆိုပါ အခမ်းအနားတွင် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၁၄၆၀၀၀၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆင်းရှေလီအင်တာနက်ကဖေးအမှတ်(၅) ကျောက်မဲမြို့နယ်၌ဖွင့်လှစ်

ကျောက်မဲ ဇန်နဝါရီ ၁၆

ဆင်းရှေလီ အင်တာနက် ကဖေး အမှတ်(၅) ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အခမ်းအနားတွင် ကျောက်မဲမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းအောင်ကြည်က အင်တာနက် ကဖေး ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းနှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဆင်းရှေလီ အင်တာနက်ကဖေး အမှတ်(၅) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့၊ ဧည့်သည်တော်များသည် ဝါသနာရှင်များ၏ အင်တာနက် ချိတ်ဆက်နေမှုများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

ကမ္ဘောဇဘဏ်လီမိတက် (ရုံးချုပ်)က ဘိုးဘွားများနေ့ အထိမ်းအမှတ် အလံဖိုး အလှူငွေကျပ် သုံးသိန်းရှစ်သောင်း တစ်ရာကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ နောက်ဆုံးလက်ရာ ဓမ္မာသောက အင်းဝရာဇာ ဇာတ်ကားသစ်ရုံတင်

ရန်ကုန် ဇန်နဝါရီ ၁၈

ရုပ်ရှင်သတင်းထောက်

သမီးမြတ်ကျော်၏ဇာတ်လမ်းကို ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးသည့် ဓမ္မာသောက အင်းဝရာဇာ ဇာတ်ကားသစ်မှာ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများ၌ ရုံဝင်လာပြီး မန္တလေးမြို့တွင် ဝင်းလိုက်နှင့်မြို့မရုံများတွင် တစ်ပြိုင်တည်း ပြသနေသည်။

ဓမ္မာသောက အင်းဝရာဇာ

ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ နောက်ဆုံးလက်ရာဖြစ်သော ဓမ္မာသောက အင်းဝရာဇာမှာ မိန်းမနှင့် ယောကျ်ားတို့၏ ဖြစ်တတ်သော အိမ်ထောင်ရေးပြဿနာကို ရိုးရိုးလေး တင်ပြထားသည်။ မိန်းမနှင့် ယောကျ်ားဆိုတာ မယူခင်မှာ ယောကျ်ားက မိန်းမရဲ့စကားကို နားထောင်ရတယ်တဲ့၊ အဲ-ယူပြီး သုံးနှစ်လောက်ကြာရင် သူတို့ နှစ်ယောက်ရဲ့ စကားကို အနီးအနား ကလူတွေက နားထောင်ရရောတဲ့ ဆိုသောဒဿနကို ကိုအောင်မင်းသိမ်းက ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသည်။

နန္ဒာလှိုင်တို့ကလဲ ရှင်းရှင်းပဲ ယုံကြည်ရင်ပေါင်း၊ မယုံရင်မပေါင်းနဲ့ ဒါပဲ၊ ယူထားမိလို့ ပြဿနာခံရတယ် ဆိုတဲ့ဘဝမျိုး ဘယ်တော့မှ အရောက်မခံဘူးဆိုတဲ့ ကြွပ်ဆတ်ဆတ်မာကျောကျော နန္ဒာလှိုင်နဲ့ ယောကျ်ားဆိုတာ မယူခင်မှာ ဘာဘဲဖြစ်ဖြစ် အပြစ်မယူဘူး၊ ယူပြီးရင် ဘာပဲဖြစ်ဖြစ် ခွင့်မလွှတ်တော့ဘူး၊ မိုးမြင့်ကျော်ဆိုတဲ့ ကောင်ကလဲ ပြောစရာရှိရင် ပြောလိုက်ရမှ ကျေနပ်တဲ့ ကောင်ကွ၊ ငါမှန်တယ်ထင်ရင်ဘယ်တော့မှ အလျှော့မပေးဘူး၊ စိန်လာမခေါ်နဲ့ဆိုသော လူမင်းတို့ တွေ့ဆုံပေါင်းဖက်ရာမှ ဓမ္မာသောက အင်းဝရာဇာ ဖြစ်လာတော့သည်။

မိုးပေါ်ခုန်တက် ကလိုက်ချင်ပါတယ် ဇာတ်ကားမှ နေတိုးကို အသွင်တစ်မျိုးဖြင့် ဤသို့တွေ့ရသည်မှာ...

ကျောချင်းခိုင်းနေသော ဓမ္မာသောက အင်းဝရာဇာ ဇာတ်ကားမှ လူမင်းနှင့် နန္ဒာလှိုင်။

မိုးပေါ်ခုန်တက် ကလိုက်ချင်

နေတိုး၊ ထွန်းထွန်း၊ ရဲလေး၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ မေသဥ္ဇာဦး၊ ယုမီစံ၊ နေအော်နှင့် မေတ္တာတို့ ပါဝင်ထားသော **မိုးပေါ်ခုန်တက် ကလိုက်ချင်ပါတယ်** ဇာတ်ကားမှာ မြို့လယ် ရွှေဆောင်၊ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက် အသုံးတော်ခံလျက် ရှိသည်။

နိုင်ငံခြားဇာတ်ကားများ

အက်ရှင်ကားစစ်စစ်ကိုမှ ကြည့်ချင်သူများအတွက် နေပြည်တော်ရုံတွင် The Kingdom ဇာတ်ကားဆက်လက် တင်ဆက် လျက်ရှိသည်။ ဆုထူးပန်ရုံတွင် အိန္ဒိယဇာတ်ကား အချစ်ဟာ ကစားစရာ မဟုတ်ပါအမည်ရ Pyaar Koi Khel Nahin ရုံဝင်လာသည်။ ဇာတ်လမ်းမှာ သိပ်ချစ်ကြသော ညီအစ်ကို နှစ်ယောက်နှင့် စွဲမက်ဖွယ်မိန်းမချောလေးတို့ ဇာတ်လမ်းတွင် အစ်ကိုကြီးက ညီငယ်အတွက် အရာရာတွင် စွန့်လွှတ်အနစ်နာခံခဲ့သော်လည်း အချစ်ရေးနှင့် ပတ်သက်လေသောအခါ မည်သို့ဖြစ်လာမည်ကို အချစ်ဟာကစားစရာ မဟုတ်ပါ ဟု အဖြေရှာကြည့်နိုင်ကြသည်။ ယင်းဇာတ်ကားတွင် မင်းသား ဆန်နီဒိုးလ်၊ အပူးဗားအဂ္ဂနီဟိုတြီနှင့် မင်းသမီးချော မာဟီးမား ချော်ဒါရီတို့ပါဝင်ထားသည်။

ပြန်လည်တင်ဆက်

ဘုရင့်ရုံတွင် အာဂျေးလ်ဒေ့ဂန် ခေါင်းဆောင်ပါဝင်ထားသော Golmaal ဇာတ်ကား ပြသလျက်ရှိသည်။ မြို့မရုံတွင် Aetbaarဇာတ်ကား ရုံဝင်လာသည်။ ရွှေဂုန်ရုံ မြေညီထပ်၌ Universal soldier ဇာတ်ကား ပြသနေပြီး ရွှေဂုန်ရုံ အပေါ်ထပ်တွင် American Kick Boxer အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။ အက်ရှင် အပြည့်ဇာတ်ကားနှင့် ကစ်ဘောက်ဆာကား ကြည့်လိုသူများအတွက် ပြန်လည်တင်ဆက်ထားသည်။

သံသရာတစ်ကွေ့ဝယ် ဇာတ်ကား မှ အောင်ကိုဦးနှင့် ဟေမာန်အောင်အောင်။

ထွဋ်ခေါင် ဗီဒီယိုထုတ်လုပ်ရေးမှ တင်ဆက်ပြီး အောင်ချိန်ဘွား၏ ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာရင်မောင်ငြိမ်းရိုက်ကူးသည့် **သံသရာ တစ်ကွေ့ဝယ်** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီရုံနှင့် မြရတနာရုံများတွင် ဆက်လက်အရှိန်အဟုန် ကောင်းနေဆဲဖြစ်သည်။ စန္ဒရားလှထွတ်က သံသရာတစ်ကွေ့ဝယ်ကို အထူးခံစားရိုက်ကူးထားသဖြင့် အလွမ်း၊ အဆွေးကိုမှ ကြည့်ချင်သူများအတွက် တသသဖြစ်ရမည့် ဇာတ်ကားဖြစ်သည်။ သရုပ်ဆောင် အောင်ကိုဦး၊ ဟေမာန်အောင်အောင်နှင့် ဇော်ဇော်အောင်တို့ကိုပွဲထုတ်ထားသည်။

ဒါရိုက်တာ သီဟကျော်စိုး၏ **ဆာကူရာ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ လှိုင်သာယာ ဝဇီရာ(၂)နှင့် တောင်ဒဂုံ ဝင်းသီရိရုံများတွင် ဆက်လက် တင်ဆက်နေဆဲ ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြစ်ကြီးနားမြို့ ပြည်လုံးချမ်းသာဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၈

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက် ပြည်လုံးချမ်းသာဘုရားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက်က အဆိုပါလမ်းသစ် မုခ်ဦး၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် တက်ရောက်အားပေး ချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးက ကျွန်းပင်သာရပ်ကွက် ပြည်လုံးချမ်းသာဘုရားလမ်း ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်တာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဇော်မိုးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အကုန်အကျခံဆောင်ရွက်

အဆိုပါလမ်းမှာ မူလ မြေသားလမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းဖြစ်ကာ အရှည်ပေ ၈၆၀၊ အကျယ် ၁၂ပေရှိ လမ်းအတွက် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကတ္တရာပံ့ပိုးမှု တန်ဖိုးငွေကျပ်၂၄၇၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယာဉ်၊ စက်၊ ယန္တရားနှင့် နည်းပညာပံ့ပိုးပြီး ရပ်ကွက်မှ လုပ်ငန်းသုံးပစ္စည်း၊ စက်သုံးဆီ၊ လုပ်အားခထည့်ဝင်မှု တန်ဖိုးငွေကျပ် သိန်း ၄၀ ထည့်ဝင်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၆၄၇၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် ဟော်ကီအသင်းသုံး ဂိုးဝတ်စုံ၊ ဟော်ကီတုတ်တံနှင့် ဘောလုံးလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီက တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာဧည့်ခန်းမ၌ ကျင်းပသော တပ်မတော်ဟော်ကီကော်မတီ၏အစီအမံဖြင့် တိုင်းစစ်ဌာနချုပ် ဟော်ကီအသင်းအတွက် ငွေကျပ် ၁၈သိန်းခွဲတန်ဖိုးရှိ ဂိုးဝတ်စုံ၊ ဟော်ကီတုတ်တံနှင့် ဘောလုံးလှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်ပြီး လှူဒါန်းသည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ အာရှဟော်ကီအဖွဲ့ချုပ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးကျော်နိုင်နှင့် တပ်မတော်ဟော်ကီကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးညီမင်းလွင်တို့က လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

အခမ်းအနားတွင် ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ ဟော်ကီပြိုင်ပွဲဝင် ဂိုးဝတ်စုံကို Kyaw Naing & Associate Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်ကလည်းကောင်း၊ ငွေကျပ် ခုနစ်သိန်းခွဲတန်ဖိုးရှိ ဟော်ကီတုတ်တံ ၁၅ချောင်းနှင့် ဘောလုံး ၁၀ လုံးကို ရွှေသံလွင်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းကိုယ်စား တပ်မတော် ဟော်ကီကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးညီမင်းလွင်က လည်းကောင်း၊ ငွေကျပ်တစ်သိန်းတန်ဖိုးရှိ လေ့ကျင့်ရေးဂိုးဝတ်စုံကို Just Fashion ပိုင်ရှင် ဦးဇော်ဝင်းကိုယ်စား Kyaw Naing & Associate Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၂ ရက်က ပန်းဘဲတန်းမြို့နယ် (၁၁)ရပ်ကွက် ငွေသဇင် ရောင်းဝယ်ရေး သမဝါယမ အသင်း လီမိတက်၏ ၂၀၀၈-၂၀၁၁ ခုနှစ်အတွက် ရွေးချယ်ခံရသော အသင်းဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့်အတွင်းရေးမှူး ဦးနိုင်မျိုးထွန်း ဦးဆောင်သော အမှုဆောင်အဖွဲ့ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်ခင်ဥ ရှေ့တွင် ကတိသစ္စာပြုကြစဉ်။ (က-ပ)

‘ဝ’ဒေသ တာကော်အက်-မိုင်းပတ်-ပန်ဆန်းကတ္တရာလမ်းပြုပြင်

နယ်စပ်ဒေသကျောင်းများ စာမေးပွဲအထူးထုတ်နှင့် စာအုပ်များထောက်ပံ့

နေပြည်တော် ဇန်နဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ‘ဝ’ဒေသ တာကော်အက်-မိုင်းပတ်-ပန်ဆန်း ကတ္တရာလမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းခွင်သို့ တန့်ယန်းမြို့မှတစ်ဆင့် ရောက်ရှိခဲ့ပြီး လမ်းပြုပြင်ရေးဆောင်ရွက်နေကြသည့် တာဝန်ခံအင်ဂျင်နီယာများ၊ ဒေသခံအလုပ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျောက်ထုတ်လုပ်စုဆောင်းထားရှိမှုအခြေအနေ၊ ကျောက်ကြိတ်ခွဲမှု အခြေအနေ၊ လမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နယ်စပ်ဒေသကျောင်းများဖြစ်သည့် မန်မန်ဆိုင်ကျေးရွာ မူလတန်းကျောင်း၊ ဝိန်းကောင်ကျေးရွာ အထက်တန်းကျောင်းခွဲများသို့ သွားရောက်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲအထူးထုတ် စာအုပ်များ၊ ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)** ညွှန်ကြားရေးမှူးချုပ်သည် ညပိုင်းတွင်‘ဝ’အထူးဒေသ(၂)ပန်ဆန်းမြို့သို့ ရောက်ရှိပြီး ဒေသမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ပန်ဆန်းမြို့တွင် ရောက်ရှိနေသော ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ထားသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း(ပန်ဆန်း)သို့ ရောက်ရှိပြီး သင်တန်းတာဝန်ခံ၊ နည်းပြနှင့်သင်တန်းသားများအား တွေ့ဆုံ၍လက်ရှိသင်ကြားလေ့ကျင့်ပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်း၏ လိုအပ်ချက်များကို ညှိနှိုင်း ပေါင်းစပ်ပေးသည်။

မှာကြား

ညွှန်ကြားရေးမှူးချုပ်သည်ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် တန့်ယန်းမြို့မှ ပြန်လည်ထွက်ခွာ၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လားရှိုးမြို့တွင် ဆောက်လုပ်လျက်ရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ သင်တန်းသားနှစ်ထပ် အိပ်ဆောင်နှင့် စားရိပ်သာတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး သတ်မှတ် စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားပြီး ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်းပညာပေးရေးနှင့်

စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပုဇွန်တောင်မြို့နယ် ၅၁လမ်းရှိ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အကောင်အထည်ဖော်

ရှေးဦးစွာ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေးအတွက် အများပြည်သူတို့အား နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ မြန်မာ့အသံရေဒီယို၊ FMရေဒီယို၊ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ စဉ်ဆက်မပြတ် အသိပညာပေးလျက်ရှိကြောင်း၊ ရုပ်ရှင်ရုံကြီးများမှလည်း အသိပညာပေးပြကွက်များပြသ၍ အသိပညာပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ ကျင်းပပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင်း Down Town ခုနစ်မြို့နယ်ဖြစ်သည့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် ဆိပ်ကမ်းမြို့နယ်များအား ၂၀၀၈ ဇန်နဝါရီ ၁ရက်မှစတင်၍ ယာဉ်တိုက်မှုကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားရှိရာ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် ဆပ်ကော်မတီဝင်များက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဝိုင်းဝန်းအကြံပြုဆွေးနွေး

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

VICTORIA Shopping Mall

ပြုံးပြုံး ပျော်ပျော် ဈေးဝယ်ဖို့ ဗစ်တိုးရီးယား ကုန်တိုက်သို့ သွားကြစို့ ....

2008 ခုနှစ် ဇန်နဝါရီလ(22) ရက်နေ့တွင်စတင်ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ပါသည်။ လှိုင်သာယာမြို့နယ်ရှိ မိတ်ဆွေများနှင့် ပတ်ဝန်းကျင်မြို့နယ်နေမိတ်ဆွေများ၏ ဝယ်ယူအားပေးခြင်းများကို ဝမ်းမြောက်စွာကြိုဆိုပါသည်။ Entertainment ကဏ္ဍအနေဖြင့် - ကလေးငယ်များ၏ ကျွမ်းထိုးလျှောစီးခြင်း၊ ဘောလုံးကန်အတွင်းကစားခြင်း၊ Soccer Table တောက်ခြင်း၊ပန်းချီအခမဲ့ဆွဲခြင်း၊ အရုပ်အိမ်ဆောက်ခြင်း၊ ဉာဏ်ရွှင်ဖန်တီးမှုကစားကွက်များနှင့် အချိန်ကိုအကျိုးရှိစွာ ပျော်ရွှင်ကျန်းမာစေခြင်း၊ ဘိလိယက်အပျော်တမ်းကစားခြင်း၊ TV Game, Internet, E-mail & Network Game ၊ကာရာအိုကေ (Family Room)၊ Satellite ဗဟုသုတများအဖြစ် အချိန်ပြည့်ဖွင့်ပေးထားခြင်း၊ Promotionကာလများတွင် Sky view အမိုးထပ်တွင် Model Show ပွဲများ၊ အလှမယ်ရွေးချယ်ပွဲများ၊ ဝါသနာရှင်သီချင်းဆိုပြိုင်ပွဲများ၊ မွေးနေ့အထူးပွဲများ၊ မိတ်ဆုံ(Barbecue) တုတ်ထိုးအသားစုံကင်ပျော်ပွဲစားခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

Asian Home Food Kitchen – အထူးသက်သာစားသောက်ဆိုင်
(2Dishes+1 Rice)(2 in 1) = 300 Kyats
(3Dishes+1 Rice)(3 in 1) = 500 Kyats
(Free Soup + ငါးပိရည်၊ တို့စရာအစုံပါဝင်ပါသည်။)

Open Daily - 9:00 Am To 9:00 Pm (ပိတ်ရက်မရှိဖွင့်လှစ်ရောင်းချပေးပါမည်) Address - ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ Ph : 689371, 689372

သတ္တမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၅–၂၀၀၆ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့(ဗန်းမော်ဒီဂရီကောလိပ်နှင့် မိုးညှင်းဒီဂရီကောလိပ် အပါအဝင်) ၂၀၀၆–၂၀၀၇ပညာသင်နှစ် မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် သတ္တမအကြိမ် ဘွဲ့နှင်းသဘင်ကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

သတ္တမအကြိမ်ဘွဲ့နှင်းသဘင်အစီအစဉ်

ပထမရက် (၂၅–၂–၂၀၀၈)ရက် ပထမပိုင်း နံနက် (၉း၀၀)နာရီ

မဟာသုတေသနဘွဲ့	–	ပထဝီဝင်
		ရူက္ခဗေဒ
မဟာဝိဇ္ဇာဘွဲ့	–	ဒဿနိကဗေဒ
မဟာသိပ္ပံဘွဲ့	–	ဓာတုဗေဒ
	–	ရူပဗေဒ
	–	သင်္ချာ
	–	သတ္တဗေဒ
	–	ရူက္ခဗေဒ
ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့	–	မြန်မာစာ
သိပ္ပံ (ဂုဏ်ထူး)ဘွဲ့	–	ဓာတုဗေဒ
ဝိဇ္ဇာဘွဲ့	–	မြန်မာစာ
	–	သမိုင်း
သိပ္ပံဘွဲ့	–	ဓာတုဗေဒ

အစမ်းလေ့ကျင့်ရက် (၂၃–၂–၂၀၀၈)ရက် နံနက် (၈း၀၀)နာရီ
ပထမရက် (၂၅–၂–၂၀၀၈)ရက် ဒုတိယပိုင်း မွန်းလွဲ (၁း၀၀)နာရီ

မဟာဝိဇ္ဇာဘွဲ့	–	မြန်မာစာ
	–	ပထဝီဝင်
	–	သမိုင်း
မဟာသိပ္ပံဘွဲ့	–	ဓာတုဗေဒ
	–	ရူပဗေဒ
	–	သင်္ချာ
	–	သတ္တဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)	–	အင်္ဂလိပ်စာ
	–	စိတ်ပညာ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	–	သင်္ချာ
ဝိဇ္ဇာဘွဲ့	–	ပထဝီဝင်
သိပ္ပံဘွဲ့	–	ရူပဗေဒ

အစမ်းလေ့ကျင့်ရက် (၂၃–၂–၂၀၀၈)ရက် နံနက် (၈း၀၀)နာရီ
ဒုတိယရက် (၂၆–၂–၂၀၀၈)ရက် ပထမပိုင်း နံနက် (၉း၀၀)နာရီ

မဟာဝိဇ္ဇာဘွဲ့	–	အင်္ဂလိပ်စာ
	–	စိတ်ပညာ
မဟာသိပ္ပံဘွဲ့	–	ရူက္ခဗေဒ
	–	ဘူမိဗေဒ
သိပ္ပံ(ဂုဏ်ထူးဘွဲ့)	–	ရူပဗေဒ
		ရူက္ခဗေဒ
ဝိဇ္ဇာဘွဲ့	–	စိတ်ပညာ
	–	အရှေ့တိုင်း
သိပ္ပံဘွဲ့	–	ဘူမိဗေဒ

အစမ်းလေ့ကျင့်ရက် (၂၃–၂–၂၀၀၈)ရက် မွန်းလွဲ (၁း၀၀)နာရီ
ဒုတိယရက် (၂၆–၂–၂၀၀၈)ရက် ဒုတိယပိုင်း မွန်းလွဲ (၁း၀၀)နာရီ

ဝိဇ္ဇာဘွဲ့	–	အင်္ဂလိပ်စာ
	–	ဥပဒေပညာ
သိပ္ပံဘွဲ့	–	ရူက္ခဗေဒ

အစမ်းလေ့ကျင့်ရက် (၂၃–၂–၂၀၀၈)ရက် မွန်းလွဲ (၁း၀၀)နာရီ
တတိယရက် (၂၇–၂–၂၀၀၈)ရက် ပထမပိုင်း နံနက် (၉း၀၀)နာရီ

ဝိဇ္ဇာဘွဲ့	–	ဒဿနိကဗေဒ
သိပ္ပံဘွဲ့	–	သင်္ချာ
	–	သတ္တဗေဒ

အစမ်းလေ့ကျင့်ရက် (၂၄–၂–၂၀၀၈)ရက် နံနက် (၈း၀၀)နာရီ
တတိယရက် (၂၇–၂–၂၀၀၈)ရက် ဒုတိယပိုင်း မွန်းလွဲ (၁း၀၀)နာရီ

သိပ္ပံ(ဂုဏ်ထူး)ဘွဲ့(ဗန်းမော်ဒီဂရီကောလိပ်)	–	ရူပဗေဒ
ဝိဇ္ဇာဘွဲ့ (ဗန်းမော်ဒီဂရီကောလိပ်)	–	မြန်မာစာ
	–	ပထဝီဝင်
	–	သမိုင်း
သိပ္ပံဘွဲ့(ဗန်းမော်ဒီဂရီကောလိပ်)	–	ဓာတုဗေဒ
	–	ရူပဗေဒ
	–	သင်္ချာ
	–	သတ္တဗေဒ
	–	ရူက္ခဗေဒ

အစမ်းလေ့ကျင့်ရက် (၂၄–၂–၂၀၀၈)ရက် နံနက် (၈း၀၀)နာရီ
စတုတ္ထရက် (၂၈–၂–၂၀၀၈)ရက် ပထမပိုင်း နံနက် (၉း၀၀)နာရီ

ဝိဇ္ဇာဘွဲ့(မိုးညှင်းဒီဂရီကောလိပ်)	–	မြန်မာစာ
	–	သမိုင်း
သိပ္ပံဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်)	–	ရူပဗေဒ
	–	သတ္တဗေဒ
	–	ရူက္ခဗေဒ

အစမ်းလေ့ကျင့်ရက် (၂၄–၂–၂၀၀၈)ရက် မွန်းလွဲ (၁း၀၀)နာရီ
စတုတ္ထရက် (၂၈–၂–၂၀၀၈)ရက် ဒုတိယပိုင်း မွန်းလွဲ (၁း၀၀)နာရီ

ဝိဇ္ဇာဘွဲ့(မိုးညှင်းဒီဂရီကောလိပ်)	–	ပထဝီဝင်
သိပ္ပံဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်)	–	ဓာတုဗေဒ
	–	သင်္ချာ

အစမ်းလေ့ကျင့်ရက် (၂၄–၂–၂၀၀၈)ရက် မွန်းလွဲ (၁း၀၀)နာရီ

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် လျှောက်လွှာများနှင့် ကျောင်းသားကတ်၊ ဧည့်ကတ်များကို ပထမရက် (ပထမပိုင်းနှင့် ဒုတိယပိုင်း)၊ ဒုတိယရက် (ပထမပိုင်းနှင့်ဒုတိယပိုင်း)ဘွဲ့ယူသူများအတွက် ၂၀–၂–၂၀၀၈ရက် နံနက် (၉း၀၀)နာရီမှ ညနေ (၄း၀၀)နာရီအထိလည်းကောင်း၊ တတိယရက် (ပထမပိုင်းနှင့် ဒုတိယပိုင်း)၊ စတုတ္ထရက် (ပထမပိုင်းနှင့် ဒုတိယပိုင်း) ဘွဲ့ယူသူများအတွက် ၂၁–၂–၂၀၀၈ရက် နံနက် (၉း၀၀)နာရီမှ ညနေ (၄း၀၀)နာရီအထိ လည်းကောင်း၊ မြစ်ကြီးနားတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ လျှောက်ထားရယူနိုင်ပါသည်။

၃။ မှတ်ပုံတင်မူရင်း တင်ပြနိုင်သူများကိုသာ ဘွဲ့ဝတ်စုံငှားရမ်းခွင့် လျှောက်လွှာနှင့် အတူ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသားများသာ)မှ နှစ်သက်ရာ ဝတ်စုံကိုဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဗိုလ်တင်
ဌာနမှူး၊ သင်တန်းရေးရာ
မြစ်ကြီးနားတက္ကသိုလ်
မြစ်ကြီးနားမြို့။

ကိုးဘွဲ့ရမဟာသိမ်တော်ကြီး

“ဘုရားမှာ စိန်၊ သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ်” ဆိုတဲ့အတိုင်း သာသနာ့ မျိုးဆက်သစ်များကို မွေးထုတ်ပေးရာ သိမ်ကျောင်းတော်ကြီးကို လှူဒါန်းလို ပါက (၁၀)ပေ ပတ်လည်တစ်ခန်းလျှင် ကျပ်(၁၀)သိန်းဖြင့် လှူဒါန်းနိုင်ပါပြီ။ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်၊ (၄၂) ယူနိုင်းရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။ ဖုန်း-၀၉ - ၂၁-၃၀၇၉၅၊ ၀၉-၉၉-၇၀၄၇၆။

စာစစ်အတွေ့အကြုံရှိသော ဝါရင့် ဆရာ/ဆရာမများ ရေးသားပြုစုထုတ်ဝေသော

ရှုရည်ချွန်

တက္ကသိုလ်ဝင်တန်းစာမေးပွဲအထူးထုတ်

Grade (11) ထွက်ပြီ

စံပြလေ့ကျင့်ရန်မေးခွန်း (၅) စုံနှင့် အဖြေများ

ပြည်လုံးကျွတ်ဖြန့်ချိရေး ပြည့်ဝေကျော်စာပေ၊ ရွှေဘုံသာ(အထက်)၊ ☎ ၀၁-၃၇၅၁၉၆

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၃၇၅၀၄ ယာဉ်လက်ဝယ် ရှိသူ ဦးမွန်နား ၅/တမန(နိုင်)၀၃၅၈၄၂က စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ် တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကလေးမြို့)။

ဖခင်အမည်မှန်

မကွေးမြို့ အထက(၁) အဋ္ဌမတန်း(B)မှ မောင်ထွန်းထွန်းလွင်၏ ဖခင်အမည်မှန်မှာ ဦးကျော်သောင်း ၈/မကန(နိုင်)၀၆၅၂၉၉ ဖြစ်ပါကြောင်း။ **ဦးကျော်သောင်း။**

AUNG JAPANESE School

ကိုရီးယားအလုပ် EPS-KLT စာမေးပွဲအခြေခံမရှိသူများလည်း သင်ကြားပေးမည်။ တစ်ပတ်၅ရက် ၈း၀၀ မှ ၉း၃၀၊ ၄း၀၀ မှ ၅း၃၀ သင်ကြားပေးမည်။ဇန်နဝါရီလ (၁၉)ရက်နေ့ဖွင့်မည်။ ဂျပန်၊ တရုတ်၊ အင်္ဂလိပ်၊ နေ့စဉ်ကျောင်းအပ်လက်ခံပြီ။ တိုက် ၂၈၂ အခန်း ၁ရန်ကင်းကြားမှတ်တိုင်အနီး၊ ဖုန်း ၅၄၆၄၀၄ လိုင်းခွဲ ၂၈၂

အမည်ပြောင်း

အဖ ဦးနေမျိုး–အမိ ဒေါ်အေးမြတို့၏ သမီး သရက်ခရိုင် မင်းလှမြို့နယ် မလွန်အထက ဆဋ္ဌမတန်း (က)မှ မမျိုးသီဂီအား မမေလင်းလက်သော်ဟု ပြောင်း လဲခေါ်ပါရန်။

မမေလင်းလက်သော်။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၈

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာ တွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၃၉၂၂၂၃** တွင် လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ် ၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာ များလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာ တွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

သားအဖြစ်မှ စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့ အမှတ်(၅၀)က–လမ်း၊ ဒေါင်းမင်းရပ်နေ အဖ ဦးအီဆာ(ခ) ဦးထွန်း သိန်း–အမိ မအရှာဘီ(ခ)မငွေခင်တို့၏သား မောင်သန်းနိုင်ထွန်းသည် မိဘတို့၏ဆုံးမမှု ကိုမနာခံဘဲ မိဘအပေါ် အမျိုးမျိုးစိတ်ဒုက္ခ ပေးခဲ့ပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

အဖ–ဦးအီဆာ
MMN ၅၃၇၁၁၃၊ အမိ–မအရှာဘီ
၁၀/မလမ(နိုင်)၁၈၆၃၅၀။

သင့်သွေးဖြင့် အသက်ကယ်ပါ

ဂုဏ်ပြုဆုချီးမြှင့်

သာယာဝတီခရိုင် နတ်တလင်း မြို့နယ် အထက၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကို ဒီဇင်ဘာ ၂၀ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မမေသီခင် အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေရီထွန်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

ဇန်နဝါရီ ၁၃ရက်က မင်္ဂလာဒုံ မြို့နယ် အမက (၂၈) ကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာ ရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်သူရိန်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင် လွင်က ဆုချီးမြှင့်စဉ်။

(က–ပ)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် တက်ညီလက်ညီလက်တွဲကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၈

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကယားပြည်နယ်တာဝန်ခံ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၇ရက် နံနက်၁၀နာရီတွင် မယ်စဲ့မြို့သို့ ရောက်ရှိကြရာ မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်၊ ဒေသခံ တိုင်းရင်းသားအဖွဲ့မှ ဦးထွန်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ကြပြီး ကျောင်းသား ကျောင်းသူများ၏

စာမျက်နှာ ၉ ကော်လံ ၅ ❐

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ၂၀၀၈ခု ပညာသင်နှစ်သင်တန်းများ ဇန်နဝါရီ ၂၁ရက် ဖွင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၈

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ် အသီးသီးအတွက် သင်တန်းများအားလုံးကို ဇန်နဝါရီ ၂၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၀၈ခု ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ရသူများစာရင်းကိုလည်း သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးတွင် ကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

သတင်းနှင့်ဆောင်းပါး အညွှန်း

❐ အာဆီယံနှင့် ယူနန်ပြည်နယ်ကုန်သွယ်မှု ၄၀ရာခိုင်နှုန်းနီးပါး တိုးတက် — စာ -၅

❐ ကံမကောင်း အကြောင်းမလှခဲ့သူ — နိုင်ငံတကာမှုခင်း စာ – ၆

❐ တရုတ်စီးပွားရေး တိုးတက်ဖြစ်ထွန်း — တိုး၏ သတင်းအက်ဆေး စာ -၇

❐ လိုအပ်သောပစ္စည်းများ တစ်နေရာတည်းတွင် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်သော နေပြည်တော်မြို့မဈေး — သူရဇော်၏ သတင်းမြင်ကွင်း စာ – ၁၁

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား